
# ၁၃၈၇–ခုနှစ်၊ (၂၀၂၅) ခုနှစ်

# အစိုးရပါဠိပထမပြန်စာမေးပွဲ

# ပထမကြီးတန်း

# မေးခွန်းနှင့်အဖြေ



✍အရှင်သီလဝံသာလင်္ကာရ(Y.S.O)မျှဝေပူဇော်ပါသည်✍

## အစိုးရပါဠိပထမပြန်စာမေးပွဲ

## ၁၃၈၇-ခုနှစ်၊ (၂၀၂၅) ပထမကြီးတန်း။ ။ဓမ္မပဒ မေးခွန်းနှင့်အဖြေ

---

၁။ (မေး) ပိယဝဂ်လာ လောကီလူသားအပေါင်း ချစ်မြတ်နိုးခံရသော ပုဂ္ဂိုလ်ပြဂါထာနှင့် မလဝဂ်လာ အခွင့်သာတိုင်း အခွင့်သာတိုင်း၌ ကုသိုလ်ကို နည်းနည်းချင်းစီ ပြုသွားသင့်ကြောင်း ပြဆိုသောဂါထာကို ပါဠိရေးပါ။

၁။ (ဖြေ) **လောကီလူသားအပေါင်း ချစ်မြတ်နိုးခံရသော ပုဂ္ဂိုလ်ပြဂါထာ**

သီလဒဿနသမ္ပန္နံ၊ ဓမ္မဋ္ဌံ သစ္စဝေဒိနံ။
အတ္တနော ကမ္မကုဗ္ဗာနံ၊ တံ ဇနော ကုရုတေ ပိယံ။ (ဓံ-ဋ္ဌ ၂- ၁၈၇) (၅-မှတ်)

**အခွင့်သာတိုင်း၌ ကုသိုလ်ကို နည်းနည်းချင်းစီ ပြုသွားသင့်ကြောင်း ပြဆိုသောဂါထာ**

အနုပုဗ္ဗေန မေဓာဝီ၊ ထောကံ ထောကံ ခဏေ ခဏေ။
ကမ္မာရော ရဇတဿေဝ၊ နိဒ္ဓမေ မလမတ္တနော။ (ဓံ-ဋ္ဌ ၂- ၂၁၇) (၅-မှတ်)

၂။ (မေး) နာဂဝဂ်လာ အိုသည့်တိုင်အောင် ချမ်းသာစေတတ်သော တရားစသည်ကို ပြဆိုသောဂါထာကို အနက်ပေးပါ။

၂။ (ဖြေ) **ချမ်းသာစေကြောင်း နည်းလမ်းကောင်းများကို ပြဆိုသောဂါထာတို့တွင် နောက်ဆုံးဂါထာ**

ယာဝ ဇရာ၊ အိုသည့်တိုင်အောင်။ သီလံ၊ သီလသည်။ သုခံ၊ ချမ်းသာကြောင်းတည်း။ သဒ္ဓါ ပတိဋ္ဌိတာ၊ လောကီလောကုတ္တရာအားဖြင့် သဒ္ဓါနှစ်ပါး၏ မတုန်မလှုပ်တည်ခြင်းသည်။ သုခံ၊ ချမ်းသာကြောင်းတည်း။ ပညာယ ပဋိလာဘော၊ လောကီလောကုတ္တရာပညာနှစ်ပါးကို ရခြင်းသည်။ သုခေါ၊ ချမ်းသာကြောင်းတည်း။ ပါပါနံ၊ မကောင်းမှုတို့ကို။ အကရဏံ၊ မပြုခြင်းသည်။ သုခံ၊ ချမ်းသာကြောင်းတည်း။
(ဓံ-ဋ္ဌ-နိသျ ၄- ၂၀၄) (၁၀-မှတ်)

**မှတ်ချက်။ မည်သည့်နိဿယဖြင့်ဖြစ်စေ သဒ္ဒါနည်းမှန်ကန်လျှင် အမှတ်ပြည့်ပေးရန်။**

၃။ (မေး) သုခဝဂ်လာ အနှိုင်းမဲ့တရား(၄)ပါးကို ဖြေဆို၍၊ စိုးရိမ်သောကဖြစ်ရခြင်း၏ အရင်းခံအကြောင်းတရားများကိုလည်း ပိယဝဂ်ကို ရှု၍ ကုန်စင်အောင် ထုတ်ပြပါ။

၃။ (ဖြေ) **အနှိုင်းမဲ့တရား(၄)ပါး**

ရာဂ-ဟူသော မီး၊
ဒေါသ-ဟူသော အပြစ်၊
ခန္ဓာကိုယ်ရွက်ဆောင်ရသော ဆင်းရဲ၊
နိဗ္ဗာန်တည်းဟူသော ချမ်းသာ။ (ဓံ-ဋ္ဌ ၂- ၁၆၉) (၅-မှတ်)

**စိုးရိမ်သောကဖြစ်ရခြင်း၏ အရင်းခံအကြောင်းတရားများ**

ပိယ, ပေမ, ရတိ, ကာမ, တဏှာတရားတို့ ဖြစ်ပါသည်။ (ဓံ-ဋ္ဌ ၂- ၁၈၁-၁၈၅) (၅-မှတ်)

၄။ **(မေး)** မိမိ၏ ကုသိုလ်အရင်းအမြစ်ကို တူးဖြိုသောပုဂ္ဂိုလ်များကို ကုန်စင်အောင် ဖော်ပြ၍၊ သူတပါး၏ အပြစ်ကို အမြဲကြည့်၍ ကဲ့ရဲ့တတ်သူများအား အဘယ်တရား တိုးပွား၍ အဘယ်တရား ဝေးကွာနိုင်သည်ကိုလည်း ဖြေဆိုပါ။

၄။ **(ဖြေ)** **ကုသိုလ်အရင်းအမြစ်ကို တူးဖြိုသောပုဂ္ဂိုလ်များ**

သူ့အသက်ကို သတ်သူ
သူတပါးဥစ္စာ ခိုးသူ
မဟုတ်မမှန်စကားဆိုသူ
သူ့မယားကို လွန်ကျူးသူ
သေရည်အရက်သောက်သူ။ (ခံ-၄ ၂- ၂၂၆-၂၆၇) (၅-မှတ်)

**သူတပါး၏ အပြစ်ကို အမြဲကြည့်၍ ကဲ့ရဲ့တတ်သူများအား**
**တိုးပွားသောတရား-** အာသဝေါတရား။
**ဝေးကွာသောတရား-** အာသဝေါတရားလေးပါးတို့၏ကုန်ရာ အရဟတ္တဖိုလ်။
(ခံ-၄ ၂ - ၂၃၉) (၅-မှတ်)

၅။ **(မေး)** အရိယာ အတု/အစစ်ကို ဓမ္မဠဝဂ်ကို ရှုကာ ခွဲခြားပြပြီးလျှင်၊ ရန်သူပေါ်များရခြင်း၏ အကြောင်းကိုလည်း ပကိဏ္ဏကဝဂ်ကို ရှုကာ ဖြေဆိုပါ။

၅။ **(ဖြေ)** **အရိယာ အတု**

သတ္တဝါတို့ကို ညှဉ်းဆဲနှိပ်စက်တတ်သူ။
**အရိယာ အစစ်**
အလုံးစုံသောသတ္တဝါတို့ကို မညှဉ်းဆဲ မနှိပ်စက်တတ်သူ။ (ခံ-၄ ၂- ၂၅၁) (၅-မှတ်)

**ရန်သူပေါ်များရခြင်း၏ အကြောင်း**
သူတစ်ပါး၌ ဆင်းရဲကိုဖြစ်စေသဖြင့် မိမိချမ်းသာကို အလိုရှိခြင်း,
ရန်၌ကပ်ငြိသဖြင့် နှီးနှောခြင်းကြောင့် ရန်သူပေါ်များရခြင်း ဖြစ်ပါသည်။(ခံ-၄၂၊ ၂၈၁) (၅-မှတ်)

၆။ **(မေး)** နိရယဝဂ်လာ အကုသိုလ်ကံခြင်း မတူသော်လည်း ငရဲကျရပုံခြင်းတူသော ပုဂ္ဂိုလ်များကို အကြောင်းပြဖြေဆို၍၊ စတ္တာရိ ဌာနာနိ နရော ပမတ္တော-၌ စတ္တာရိ-သရုပ်ကိုလည်း ကုန်စင်အောင် ထုတ်ပြပါ။

၆။ **(ဖြေ)** **အကုသိုလ်ကံခြင်း မတူသော်လည်း ငရဲကျရပုံခြင်းတူသော ပုဂ္ဂိုလ်များ**

၁။ မဟုတ်မမှန် ဆိုလေ့ရှိသူ (၂-မှတ်)
၂။ မကောင်းမှုကို ပြုပြီး၍ ငါမပြုဟုဆိုသူတို့ ဖြစ်ပါသည်။ (၂-မှတ်)

**ငရဲကျပုံတူရခြင်းအကြောင်းကား -**
ယုတ်မာသောကံရှိသောကြောင့် ဖြစ်ပါသည်။ (ခံ-၄ ၂- ၂၉၇) (၂-မှတ်)

စတ္တာရီ-သရုပ်
မကောင်းမှုကို ရခြင်း
အလိုရှိတိုင်း မအိပ်ရခြင်း
ကဲ့ရဲ့ခံရခြင်း
ငရဲသို့ လားရခြင်း။ (ခံ-၅ ၂- ၃၀၀) (၄-မှတ်)

၇။ (မေး) အမည်ခံဆွေမျိုးနှင့် အစစ်မှန်ဆွေမျိုးကို "ဝိဿာသာ ပရမာ ဉာတိ"အဖွင့်ကို ရှုကာ ဖြေဆို၍၊ ဘုရားရှင်ကို ပြုစုရာ၌ အံ့ဩအတုယူဖွယ်ကောင်းသော သိကြားမင်း၏ ပြုစုပုံကိုလည်း ဖြေဆိုပါ။

၇။ (ဖြေ) **အမည်ခံဆွေမျိုးကား-**
အမိအဖပင်ဖြစ်သော်လည်း အကျွမ်းဝင်ခြင်းမရှိသူ ဖြစ်ပါသည်။ (၂-မှတ်)
**အစစ်မှန်ဆွေမျိုးကား-**
ဆွေမျိုးမတော်စပ်သော်လည်း အကျွမ်းဝင်ခြင်းရှိသောသူ ဖြစ်ပါသည်။ (ခံ။၅။၂၊ ၁၇၃) (၂-မှတ်)

**သိကြားမင်း၏ ပြုစုပုံ**
သိကြားမင်းသည် ဘုရားရှင်၏ ကျင်ကြီးကျင်ငယ်ထည့်ရာအိုးကို သူတစ်ပါး၏လက်ဖြင့် ထိခွင့်ကို မပေးမူ၍ မျက်နှာတွန့်ခြင်းမျှပင် မပြုဘဲ နံ့သာအိုးကို ရွက်ဆောင်သကဲ့သို့ ဦးခေါင်း၌ ထား၍ ထုတ်ဆောင်လျှက် ပြုစုလုပ်ကျွေးပါသည်။ (ခံ။၅။၂၊ ၁၇၅) (၆-မှတ်)

၈။ (မေး) မချောတစ်ယောက် ကိုယ်လေးယောက်ဖြစ်၍ အဝေမတည့်ဖြစ်နေကြသော နတ်သားလေးယောက်တို့အပေါ် သိကြားမင်း ဖျန်ဖြေသွားပုံကို ဖြေဆို၍၊ သီရိမာအပေါ်၌ မေတ္တာဖြင့် အနိုင်ယူသော ဥတ္တရာအား ဘုရားရှင် ပေးတော်မူသော ဩဝါဒကိုလည်း ဖြေဆိုပါ။

၈။ (ဖြေ) **သိကြားမင်း ဖျန်ဖြေသွားပုံ**
"အမောင်တို့ သင်တို့၏စိတ်တို့သည် ခံနိုင်ရည်ရှိကြပါသေးသည်၊ ငါသည်ကား ဤနတ်သမီးကို ရလျှင် အသက်ရှင်ရပါလိမ့်မည်၊ မရလျှင် ငါ့မှာ သေပွဲဝင်ရပါလိမ့်မည်"ဟု ဆိုကာ ဖျန်ဖြေသိမ်းပိုက်သွားပါသည်။ (ခံ။၅။၂၊ ၁၉၄) (၅-မှတ်)

**ဥတ္တရာအား ဘုရားရှင် ပေးတော်မူသောဩဝါဒ**
"ဥတ္တရာ ကောင်းလေစွ ကောင်းလေစွ အမျက်ကို အနိုင်ယူသင့်၏၊ အမျက်ထွက်သူကို အမျက်မထွက်ခြင်းဖြင့်လည်းကောင်း ဆဲရေးတတ်သူကို မဆဲရေးခြင်းဖြင့်လည်းကောင်း ကြမ်းတမ်းခက်ထန်ဝန်တိုစိတ်ရှိသူကို မိမိဥစ္စာ ပေးကမ်းခြင်းဖြင့်လည်းကောင်း မုသားဆိုသူကို သစ္စာစကားဆိုခြင်းဖြင့်လည်းကောင်း အနိုင်ယူသင့်၏"။ (ခံ။၅။၂၊ ၂၀၂) (၅-မှတ်)

၉။ (မေး) အဘယ်တို့ကို မှီ၍ တန်ဖိုးမဖြတ်နိုင်သော တရားတော်ကို သတ္တဝါအများစု နာယူနိုင်စွမ်း မရှိကြသည်ကို ဖြေဆို၍၊ အတွေးလွှော့ကာ အလုပ်သာ လျှင်စွာလုပ်သင့်ကြောင်းကိုလည်း "အန္တရာယ်န ဗုဇ္ဈတိ"အဖွင့်ကို ရှုကာ ဖြေဆိုပါ။

၉။ (ဖြေ) **အမှီခံတရားများ**

ရာဂ, ဒေါသ, မောဟ, တဏှာကို မှီ၍ သတ္တဝါတို့သည် တရားတော်ကို နာယူခြင်းငှာ မစွမ်းနိုင်ကြခြင်း ဖြစ်ပါသည်။ (ခံ။ ၅။ ၂၊ ၂၃၁) (၅-မှတ်)

**အတွေးလျှော့ကာ အလုပ်သာ လျင်စွာလုပ်သင့်ကြောင်း**

ဤမည်သောကာလ ဤမည်သောအရပ် ဤမည်သောအရွယ်၌ သေရမည်ဟု မိမိ၏အသက်အန္တရာယ်ကို မသိနိုင်ခြင်းကြောင့် အတွေးလျှော့ကာ အလုပ်သာ လျင်စွာ လုပ်ဆောင်သင့်ပါသည်။ (ခံ။ ၅။ ၂၊ ၂၆၉) (၅-မှတ်)

၁၀။ (မေး) လူ့ပရိသတ် နတ်ပရိသတ် အလွန်များသော အစည်းအဝေးကြီး(၃)မျိုးကို ဖော်ပြ၍၊ ဟိမဝန္တာ ပဗ္ဗတော-၌ ဟိမဝန္တာတောင်၏ အကျယ်, အမြင့်, အထွင့်ပမာဏများကိုလည်း တိကျစွာ ဖော်ပြပါ။

၁၀။ (ဖြေ) **အစည်းအဝေးကြီး(၃)မျိုး**

ယမကပြာဋိဟာ ပြတော်မူရာ အစည်းအဝေး၊

နတ်ပြည်မှ လူ့ပြည်သို့ သက်ဆင်းတော်မူရာ အစည်းအဝေး၊

ဂင်္ဂါမြစ်သို့ ကြွတော်မူရာ အစည်းအဝေး။ (ခံ။ ၅။ ၂၊ ၂၇၇) (၅-မှတ်)

**ဟိမဝန္တာတောင်၏ အကျယ်, အမြင့်, အထွင့်**

**အကျယ်**- ယူဇနာ သုံးထောင်၊

**အမြင့်**- ယူဇနာ ငါးရာ၊

**အထွင့်**- ရှစ်သောင်းလေးထောင်။ (ခံ။ ၅။ ၂၊ ၂၉၃) (၅-မှတ်)

# အစိုးရပါဠိပထမပြန်စာမေးပွဲ

## ၁၃၈၇–ခုနှစ်၊ (၂၀၂၅) ပထမကြီးတန်း။ ။ခုဒ္ဒမာတိကာ မေးခွန်းနှင့်အဖြေ

---

၁။ (မေး) အကောက်ခွန်ရှောင်လွှဲလိုသော ကုန်သည်များနှင့် တိုင်ပင်လျက် ခရီးဖတူသွားသောရဟန်းအား အပြစ်သင့်ပုံပြသိက္ခာပုဒ်နှင့်, သတ်မှတ်တန်ဖိုးထက် ဈေးကြီးသော နွဲ့ဝတ်ခြုံထည် တောင်းသော ရဟန်းမအား အပြစ်သင့်ပုံပြ သိက္ခာပုဒ်တို့ကို ပါဠိရေးပါ။။

၁။ (ဖြေ) **ထေယျသတ္ထသိက္ခာပဒ**

ယော ပန ဘိက္ခု ဇာနံ ထေယျသတ္ထေန သဒ္ဓိံ သံဝိဓာယ ဧကဒ္ဓါနမဂ္ဂံ ပဋိပဇ္ဇေယျ အန္တမသော ဂါမန္တရမ္ပိ၊ ပါစိတ္တိယံ။ (ပါ-၃၅) (၅-မှတ်)

**လဟုပါဝုရဏသိက္ခာပဒ**

လဟုပါဝုရဏံ ပန ဘိက္ခုနိယာ စေတာပေန္တိယာ အဍ္ဎတေယျကံသပရမံ စေတာပေတဗ္ဗံ၊ တတော စေ ဥတ္တရိ စေတာပေယျ၊ နိဿဂ္ဂိယံ ပါစိတ္တိယံ။ (ပါ-၇၇) (၅-မှတ်)

၂။ (မေး) ပိုးရှိသောရေနှင့် စပ်လျဉ်း၍ ရဟန်းတော်များ လိုက်နာကျင့်သုံးရမည့် သိက္ခာပုဒ်တို့ကို အနက်ပေးပါ။

၂။ (ဖြေ) **ဘူတဂါမဝဂ် သပ္ပါဏကသိက္ခာပုဒ် အနက်ပေးပုံ-**

ယော ပန ဘိက္ခု၊ အကြင်ရဟန်းသည်။ ဇာနံ-ဇာနန္တော၊ သိလျက်။ သပ္ပါဏကံ၊ ပိုးရှိသော။ ဥဒကံ၊ ရေဖြင့်။ တိဏံ ဝါ၊ မြက်ကိုလည်းကောင်း။ မတ္တိကံ ဝါ၊ မြေကိုလည်းကောင်း။ သိဉ္စေယျ ဝါ၊ မိမိမူလည်း သွန်ငြားအံ့။ သိဉ္စာပေယျ ဝါ၊ သူတစ်ပါးကိုမူလည်း သွန်စေငြားအံ့။ တဿ ဘိက္ခုနော၊ ထိုရဟန်းအား။ ပါစိတ္တိယံ၊ ပါစိတ်အာပတ်သင့်၏။

**(တစ်နည်း)** သပ္ပါဏကံ၊ ပိုးရှိသော။ ဥဒကံ၊ ရေကို။ တိဏံ ဝါ၊ မြက်၌လည်းကောင်း။ မတ္တိကံ ဝါ၊ မြေ၌လည်းကောင်း။ သိဉ္စေယျ ဝါ၊ မိမိမူလည်း သွန်ငြားအံ့။ သိဉ္စာပေယျ ဝါ၊ သူတစ်ပါးကိုမူလည်း သွန်စေငြားအံ့။ တဿ ဘိက္ခုနော၊ ထိုရဟန်းအား။ ပါစိတ္တိယံ၊ ပါစိတ်အာပတ်သင့်၏။

**(တစ်နည်း)** သပ္ပါဏကံ၊ ပိုးရှိသော။ ဥဒကံ၊ ရေကို။ ဂဟေတွာ၊ ယူ၍။ ဗဟိ၊ အပ၌။ သိဉ္စေယျ၊ မိမိမူလည်း သွန်ငြားအံ့။ တမ္ပိ စ ဥဒကေ၊ ထိုရေ၌လည်း။ တိဏံ ဝါ၊ မြက်ကိုလည်းကောင်း။ မတ္တိကံ ဝါ၊ မြေကိုလည်းကောင်း။ အာဟရိတွာ၊ ဆောင်၍။ ပက္ခိပေယျ၊ ထည့်ငြားအံ့။ တဿ ဘိက္ခုနော၊ ထိုရဟန်းအား။ ပါစိတ္တိယံ၊ ပါစိတ်အာပတ်သင့်၏။ (ဦးဗုဓ်၊ ၇၂) (၅-မှတ်)

**မှတ်ချက်- တစ်နည်းနည်း မှန်လျှင်လည်း အမှတ်ပြည့်ပေးပါရန်။**
**မည်သည့်နိဿယဖြင့်ဖြစ်စေ သဒ္ဒါရေးမှန်လျှင် အမှတ်ပေးရန်။**

**သပ္ပါဏကဝဂ် သပ္ပါဏကသိက္ခာပုဒ် အနက်ပေးပုံ-**

ယော ပန ဘိက္ခု၊ အကြင်ရဟန်းသည်။ ဇာန်-ဇာနန္တော၊ သောက်သဖြင့် သေလတ္တံ့ဟု သိလျက်။ သပ္ပါဏကံ၊ ပိုးရှိသော။ ဥဒကံ၊ ရေကို။ ပရိဘုဉ္ဇေယျ၊ သုံးဆောင်ငြားအံ့။ တဿ ဘိက္ခုနော၊ ထိုရဟန်းအား။ ပါစိတ္တိယံ၊ ပါစိတ်အာပတ်သင့်၏။ (ဦးဗုမ်၊ ၉၁) (၅-မှတ်)

၃။ **(မေး)** ကာယသံသဂ္ဂ သမာပဇ္ဇေယျ-၌ ကာယသံသဂ္ဂသို့ ရောက်ပုံတို့ကို ပါဠိ/မြန်မာ နှစ်ဘာသာဖြင့် ဖြေဆို၍၊ အဓိဋ္ဌာန်,ဝိကပ္ပနာ မပြုဘဲ သပိတ်ကို ဆောင်ထားသော ရဟန်း/ရဟန်းမတို့အား နိဿဂ္ဂိပါစိတ်အာပတ် သင့်ရောက်ရာနေ့ရက်တို့ကို သတ်မှတ်ပြပါ။

၃။ **(ဖြေ) ကာယသံသဂ္ဂ သမာပဇ္ဇေယျ-၌ ကာယသံသဂ္ဂသို့ ရောက်ပုံ**

ဟတ္ထဂ္ဂါဟ= လက်ကို ကိုင်ခြင်း။

ဝေဏိဂ္ဂါဟ= ဆံထုံးကို ကိုင်ခြင်း။

အညတရဿ ဝါ အညတရဿ ဝါ အင်္ဂဿ ပရာမသန= တစ်ပါးပါးသော အင်္ဂါကြီးငယ်ကို သုံးသပ်ခြင်း။ (ပါ-၄) (၆-မှတ်)

**အဓိဋ္ဌာန်,ဝိကပ္ပနာ မပြုဘဲ သပိတ်ကို ဆောင်ထားသော ရဟန်း/ရဟန်းမအား အာပတ်သင့်ပုံ**

အဓိဋ္ဌာန်,ဝိကပ္ပနာ မပြုဘဲ သပိတ်ကို ဆောင်ထားသောရဟန်းသည် ဆယ်ရက်ကျော်လွန်ရာအခါ၌ နိဿဂ္ဂိပါစိတ်အာပတ် သင့်ပါသည်။ (၂-မှတ်)

အဓိဋ္ဌာန်,ဝိကပ္ပနာ မပြုဘဲ သပိတ်ကို ဆောင်ထားသောရဟန်းမသည် တစ်ရက်ကျော်လွန်ရာအခါ၌ နိဿဂ္ဂိပါစိတ်အာပတ် သင့်ပါသည်။ (ပါ၊ ၁၉၊ ၇၄) (၂-မှတ်)

၄။ **(မေး)** ရက်ကန်းသည်ထံသို့သွား၍ သက်န်းကောင်းအောင်စီမံရာ၌ နောက်ဆုံးငါးမျိုးကိုသာ မြန်မာဘာသာဖြင့် ဖြေဆို၍၊ ဘိက္ခုသုဒ္ဓပါစိတ်လာ ရဟန်းတပါးကို စိတ်ဆိုးဒေါသထွက်လျက် မပြုလုပ်သင့်သော အရာတို့ကို ဆိုင်ရာသိက္ခာပုဒ်တို့နှင့် တွဲစပ်ဖြေဆိုပါ။

၄။ **(ဖြေ) ရက်ကန်းသည်ထံသို့သွား၍ သက်န်းကောင်းအောင်စီမံရာ၌ နောက်ဆုံးငါးမျိုး**

တခဲနက်ထူသည်ကိုလည်း ပြုကုန်လော့။

ကောင်းစွာ ရက်အပ်သည်ကိုလည်း ပြုကုန်လော့။

ကောင်းစွာ ခင်းအပ်သည်ကိုလည်း ပြုကုန်လော့။

ကောင်းစွာ နယ်ဖြင့် ကန်သည်ကိုလည်း ပြုကုန်လော့။

ကောင်းစွာ ဘီးဖြင့် ဖီးသည်ကိုလည်း ပြုကုန်လော့။ (ပါ၊ ၂၀) (၄-မှတ်)

**ရဟန်းတပါးကို စိတ်ဆိုးဒေါသထွက်လျက် မပြုလုပ်သင့်သော အရာများ**

နိက္ကဍ္ဍနသိက္ခာပုဒ်အလို- သံဃိကကျောင်းမှ နှင်ထုတ်ခြင်း နှင်ထုတ်စေခြင်း။ (ပါ၊ ၂၅) (၂-မှတ်)

ပဟာရသိက္ခာပုဒ်အလို- ပုတ်ခတ်မှုကို ပေးခြင်း။ (ပါ၊ ၃၈) (၂-မှတ်)

တလသတ္တိကသိက္ခာပုဒ်အလို- လက်ဝါးပြက်ကို မိုးခြင်း။ (ပါ၊ ၃၈) (၂-မှတ်)

၅။ **(မေး)** ဘိက္ခုနီပဌမာပတ္တိကအမည်ရသော သိက္ခာပုဒ်တို့တွင် နောက်ဆုံးငါးပုဒ်အမည်ကိုသာ အစဉ်တကျ ဖြေဆို၍၊ ရဟန်းမများ လမ်းဆုံလမ်းမနေရာတို့၌ ယောကျ်ားနှင့် တစ်ယောက်ချင်း မပြုလုပ်ကောင်းသော အရာတို့ကို ဖြေဆိုပြီးလျှင်၊ ဘိက္ခုနီသုဒ္ဓပါစိတ် သိက္ခာပုဒ်အရေအတွက်ကိုလည်း သချာမှု ထုတ်ပြပါ။

၅။ **(ဖြေ)** **ဘိက္ခုနီပဌမာပတ္တိကအမည်ရသော သိက္ခာပုဒ်တို့တွင် နောက်ဆုံးငါးပုဒ်အမည်**

ဘောဇနပဋိဂ္ဂဟဏ ပဌမသိက္ခာပုဒ်။
ဘောဇနပဋိဂ္ဂဟဏ ဒုတိယသိက္ခာပုဒ်။
သန္တရုတ္တသိက္ခာပုဒ်။
ဒုဌဒေါသသိက္ခာပုဒ်။
အညဘာဂိယသိက္ခာပုဒ်။ (ပါ၊ ၆၅၊ ၆၆) (၅-မှတ်)

**ရဟန်းမများ လမ်းဆုံလမ်းမနေရာတို့၌ ယောကျ်ားနှင့် တစ်ယောက်ချင်း မပြုလုပ်ကောင်းသော အရာများ**

အတူတကွ ရပ်ခြင်း။
အတူတကွ စကားပြောဆိုခြင်း။
နား၏အနီး၌ ကပ်၍ စကားတိုးတိုးပြောခြင်း။
နှစ်ယောက်မြောက် အဖော်ဘိက္ခုနီမကို ပြန်လွှတ်ခြင်း။ (ပါ၊ ၈၅) (၄-မှတ်)

**ဘိက္ခုနီသုဒ္ဓပါစိတ် သိက္ခာပုဒ်အရေအတွက်**

၁၆၆-ပုဒ် ဖြစ်ပါသည်။ (ပါ၊ ၈၃) (၁-မှတ်)

၆။ **(မေး)** အောက်ပါ ရဟန်း/ရဟန်းမတို့အား သင့်ရောက်သောအာပတ်တို့ကို သိက္ခာပုဒ်ထောက်၍ ဖြေဆိုပါ။
(က) သံဃာရည်မှန်းထားသော လျှော်ဘေးအလှူပစ္စည်းကို မိမိရအောင် စည်းရုံးပြောဆိုသောရဟန်း။
(ခ) TikTok(တစ်တော့)တင်လို၍ ကမ်းခြေသွား ရေကစားသောရဟန်း။
(ဂ) ဟင်းပေကျံနေသောလက်ဖြင့် သောက်ရေခွက်ကို ကိုင်သောရဟန်း။
(ဃ) ညအခါ အဖော်မပါ တကိုယ်တည်း အိပ်သောရဟန်းမ။
(င) မပန်ပြောဘဲ ရဟန်းရှေ့၌ ထိုင်သောရဟန်းမ။

၆။ **(ဖြေ)** (က) ပရိဏတသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်အာပတ်။ (ပါ၊ ၂၁) (၂-မှတ်)
(ခ) ဟသဓမ္မသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်အာပတ်။ (ပါ၊ ၃၂) (၂-မှတ်)
(ဂ) သာမိသသိက္ခာပုဒ်၊ ဒုက္ကဋ်အာပတ်။ (ပါ၊ ၅၃) (၂-မှတ်)
(ဃ) ဧကဂါမန္တရဂမနသိက္ခာပုဒ်၊ သံဃာဒိသိသ်အာပတ်။ (ပါ၊ ၆၅) (၂-မှတ်)
(င) အနာပုစ္ဆာသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်အာပတ်။ (ပါ၊ ၉၉) (၂-မှတ်)

၇။ **(မေး)** ခဏ္ဍနိမိတ္တ (နိမိတ်ကျိုးပျက်သော)သိမ်၏ အဓိပ္ပါယ်ကို နည်းစုံလင်စွာ ဖြေဆို၍၊ "ပါရိသုဒ္ဓိ အာယသ္မန္တော အာရောစေထ"ဟု အရေးတကြီး တိုက်တွန်းရခြင်း၏ အကြောင်းကို ဖြေဆိုပြီးလျှင်၊ "ရာဇာနော စောရံ ဂဟေတွာ"၌ ရာဇာနော-အရကို အကြောင်းပြ ဖြေဆိုပါ။။

၇။ (ဖြေ) **ခဏ္ဍနိမိတ္တ(နိမိတ်ကျိုးပျက်သော)သိမ်၏ အဓိပ္ပါယ်**
နိမိတ်မဆက်စပ်သော သိမ်သည် ခဏ္ဍနိမိတ္တသိမ် မည်၏။ (အကျဉ်း)
ရှေးဦးစွာ အရှေ့အရပ်၌ နိမိတ်ကြား၍ အစဉ်အတိုင်း တောင်အရပ်, အနောက်အရပ်, မြောက်အရပ်တို့၌ နိမိတ်ကြားပြီးလျှင် ထိုမြောက်အရပ်၌သာ နိမိတ်ကို တန့်ထားသောသိမ်သည် ခဏ္ဍနိမိတ္တသိမ် မည်၏။ (အကျယ်) (၂-မှတ်)

(တနည်း) နိမိတ်မလောက်သော အခွဲလျှင် အနှစ်ရှိသည့် အုန်းပင် ထန်းပင်စသော သစ်ပင်တို့ကိုဖြစ်စေ, သစ်ငုတ်ကိုဖြစ်စေ, မြေပုံ သဲပုံတို့တွင် တစ်ခုခုကိုဖြစ်စေ အကြား၌ နိမိတ်ပြု၍ သမုတ်အပ်သောသိမ်သည် ခဏ္ဍနိမိတ္တသိမ် မည်၏။ (၄၊ ၈၈) (၃-မှတ်)

**"ပါရိသုဒ္ဓိ အာယသ္မန္တော အာရောစေထ"ဟုအရေးတကြီးတိုက်တွန်းရခြင်းအကြောင်း-**
ပါတိမောက်ရွတ်ပြတော့မည်ဖြစ်သောကြောင့် တိုက်တွန်းရပါသည်။ (၄-၉၉) (၂-မှတ်)

**"ရာဇာနော စောရံ ဂဟေတွာ"၌ ရာဇာနော-အရ**
အခြားသောမင်းတို့ကား "ဟနေယျုံ ဝါ ဗန္ဓေယျုံ ဝါ"စသည်ဖြင့် ဟောတော်မူသည့်အတိုင်း ပြုကြသည်ဖြစ်စေ မပြုကြသည်ဖြစ်စေ လိုရင်းပမာဏမဟုတ်သောကြောင့် ရာဇာနော-အရ ဗိမ္ဗိသာရမင်းကိုသာ ယူရပါမည်။ (၄-၁၁၉) (၃-မှတ်)

၈။ (မေး) စောဒနာ(၄)မျိုးတို့တွင် သာမီစိပဋိက္ခေပဖြင့် စောဒနာပုံကို ဖြေဆို၍၊ နိဿဂ္ဂိပါစိတ်လာ "အညတြ ဘိက္ခုသမ္မုတိယာ"၌ ဘိက္ခု-အရ, သမ္မုတိ-အရတို့ကို ဆိုင်ရာသိက္ခာပုဒ်တို့နှင့်တွဲစပ်ဖြေဆိုပါ။

၈။ (ဖြေ) **သာမီစိပဋိက္ခေပဖြင့် စောဒနာပုံ**
ရှိခိုးခြင်း, ခရီးဦးကြိုဆိုခြင်း, လက်အုပ်ချီခြင်း, အရိုအသေပြုခြင်း, ယပ်ခတ်ခြင်းစသောအမှုတို့ကိုမပြုသောအားဖြင့် စောဒနာခြင်းသည် သာမီစိပဋိက္ခေပဖြင့် စောဒနာခြင်း ဖြစ်ပါသည်။
(၄-၁၃၇) (၄-မှတ်)

**"အညတြ ဘိက္ခုသမ္မုတိယာ"၌ ဘိက္ခု-အရ, သမ္မုတိ-အရ**
**ဥဒေါသိတသိက္ခာပုဒ်အလို-**
**ဘိက္ခု-အရ** ဂိလာနရဟန်းကို ယူရပါသည်။
**သမ္မုတိ-အရ** တိစီဝရအဝိပ္ပဝါသသမ္မုတိကို ယူရပါမည်။ (၂-မှတ်)

**ဆဗ္ဗဿသိက္ခာပုဒ်အလို-**
**ဘိက္ခု-အရ** ဂိလာနရဟန်းကို ယူရပါသည်။
**သမ္မုတိ-အရ** သန္ထတသမ္မုတိကို ယူရပါမည်။ (၂-မှတ်)

**သာသင်္ကသိက္ခာပုဒ်အလို-**
**ဘိက္ခု-အရ** ဂိလာနရဟန်းကို ယူရပါသည်။
**သမ္မုတိ-အရ** စီဝရဝိပ္ပဝါသသမ္မုတိကို ယူရပါမည်။ (၄၊ ၁၅၈၊ ၁၇၃၊ ၁၈၈) (၂-မှတ်)

၉။ (မေး) ဘူတာရောစနသိက္ခာပုဒ် အနာပတ္တိဝါရ၌ ဥမ္မတ္တက-စသော ပုဂ္ဂိုလ်တို့ကို ယူနိုင်/မယူနိုင် အကြောင်းပြ ဖြေဆို၍၊ ဂဏဘောဇနေ-၌ ဂဏ-အရကို ဖော်ပြပြီးလျှင်၊ "ထောပတ်ဆွမ်း လှူပါ"ဟု တောင်းသောရဟန်းအား အဘယ်သိက္ခာပုဒ်ဖြင့် အဘယ်အာပတ်သင့်ပါသနည်း? အကြောင်းပြ ဖြေဆိုပါ။

၉။ (ဖြေ) **ဘူတာရောစနသိက္ခာပုဒ် အနာပတ္တိဝါရ၌ ဥမ္မတ္တက-စသော ပုဂ္ဂိုလ်တို့ကို မယူနိုင်ပုံ-**
အရိယာပုဂ္ဂိုလ်တို့အား ရူးသွပ်ခြင်း-စသည် မရှိသောကြောင့်လည်းကောင်း၊ ဈာန်ရပုဂ္ဂိုလ်တို့သည်လည်း ရူးသွပ်ခြင်း-စသည်ဖြစ်သော် ဈာန်မှ လျှောကျကုန်သောကြောင့်လည်းကောင်း ဘူတာရောစနသိက္ခာပုဒ် အနာပတ္တိဝါရ၌ ဥမ္မတ္တက-စသော ပုဂ္ဂိုလ်တို့ကို မယူနိုင်ပါ။ (ဋ္ဌ-၁၉၅) (၄-မှတ်)

**ဂဏဘောဇန-၌ ဂဏ-အရကား**
လေးပါး လေးပါးထက်အလွန်ရှိသော ရဟန်းတို့ကို ယူရပါသည်။ (ဋ္ဌ-၂၁၆) (၂-မှတ်)

**"ထောပတ်ဆွမ်း"တောင်းသောရဟန်း အာပတ်သင့်ပုံ**
သလေးထမင်း ရှိသကဲ့သို့ ထောပတ်ထမင်းမည်သည် မရှိသောကြောင့် "ထောပတ်ဆွမ်း လှူပါ"ဟု တောင်းသောရဟန်းအား သူပေါဒနဝိညတ္တိသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်အာပတ် သင့်ပါသည်။
(ဋ္ဌ-၂၂၈) (၄-မှတ်)

၁၀။ (မေး) ဝါတဝုဋ္ဌိသမယအဓိပ္ပါယ်ကို ရေး၍၊ ဘဂ္ဂတိုင်း၌ ပညတ်အပ်သော သေခိယသိက္ခာပုဒ် အမည်တို့ကို ဖြေဆိုပြီး၊ သမဏစီဝရ, အာဝသထစီဝရတို့၏ အဓိပ္ပါယ်တို့ကိုလည်း ကဩလာသည့်အတိုင်း ဖြေဆိုပါ။

၁၀။ (ဖြေ) **ဝါတဝုဋ္ဌိသမယ အဓိပ္ပါယ်ကား-**
မြူနှင့်တကွ လေပြင်းထ၍ ရဟန်း၏ ကိုယ်ပေါ်၌ မိုးရေနှစ်ပေါက်သုံးပေါက် ကျရာအခါသည် ဝါတဝုဋ္ဌိသမယ မည်ပါသည်။ (ဋ္ဌ-၂၄၁) (၃-မှတ်)

**ဘဂ္ဂတိုင်း၌ ပညတ်အပ်သောသိက္ခာပုဒ်အမည်ကား-**
သာမိသသိက္ခာပုဒ်, သသိတ္ထကသိက္ခာပုဒ်-တို့ ဖြစ်ပါသည်။ (ဋ္ဌ-၂၇၇) (၂-မှတ်)

**သမဏစီဝရ အဓိပ္ပါယ်**
ကပ္ပဗိန္ဒုထိုးအပ်ပြီးသော ဝတ်လောက်ရုံလောက်သော သင်္ကန်းသည် "သမဏစီဝရ" မည်ပါသည်။
(ဋ္ဌ-၃၂၅) (၃-မှတ်)

**အာဝသထစီဝရ အဓိပ္ပါယ်**
"ဥတုလာသော ရဟန်းမတို့သည် သုံးဆောင်ကြစေကုန်သတည်း"ဟု လျှောက်ထား၍ ပေးလှူအပ်သော သင်္ကန်းသည် "အာဝသထစီဝရ" မည်ပါသည်။ (ဋ္ဌ-၃၃၃) (၂-မှတ်)

## အစိုးရပါဠိပထမပြန်စာမေးပွဲ

**၁၃၇၇-ခုနှစ်၊ (၂၀၂၅) ပထမကြီးတန်း။ ။ကစ္စည်းသဒ္ဒါကြီး မေးခွန်းနှင့်အဖြေ**

---

၁။ **(မေး)** ကိတ်ကျမ်းလာ ဃ-အပြုကို တားမြစ်သောသုတ်နှင့် ဥဏာဒ်ကျမ်းလာ ပုထ-သဒ္ဒါကို ပုထု,ပထ-ပြု၍ အမ-ပစ္စည်းသက်သောသုတ်ကို သုတ်, ဝုတ္တိ, ဥဒါဟရုဏ် ကုန်စင်အောင် ပါဠိရေးပါ။

၁။ **(ဖြေ)** **ကိတ်ကျမ်းလာ ဃ-အပြုကို တားမြစ်သောသုတ်**

**ဟန္တေဟိ ဟော ဟဿ ဠော ဝါ အဒဟနဟာနံ။**

ဟကာရန္တေဟိ ဓာတူဟိ တပစ္စယဿ ဟကာရာဒေသော ဟောတိ၊ ဟကာရဿ ဓာတွန္တဿ ဠော ဟောတိ ဝါ အဒဟနဟာနံ။

အာရုဟိတ္ထာတိ အာရုဠှော၊ ဂါဠှော၊ ဗာဠှော၊ မူဠှော၊

အဒဟနဟာနမိတိ ကိမတ္ထံ? ဒယှတီတိ ဒဍ္ဎော၊ သံ သုဋ္ဌု နယှတီတိ သန္နဒ္ဓေါ။

(ကစ္စည်း-၂၇၇) (၅-မှတ်)

**ပုထ-သဒ္ဒါကို ပုထု,ပထ-ပြု၍ အမ-ပစ္စည်းသက်သောသုတ်**

**ပုထဿ ပုထု ပထာမော ဝါ။**

ပုထဣစ္စေတဿ ပါဋိပဒိကဿ ပုထု ပထာဒေသာ ဟောန္တိ၊ ကွစိ အမပစ္စယော ဟောတိ။

ပုထု ဟုတွာ ဇာတန္တိ ပုထဝီ၊ ပထမေ ဇာတော ပထမော၊ ပဌဝီ ပဌမော ဝါ၊ ပုထု ကိလေသေ ဇနေ တီတိ ပုထုဇ္ဇနော၊ ပုထု ဟုတွာ ဇာတန္တိ ပထဝီ၊ ပဌဝီ ဝါ။ (ကစ္စည်း - ၃၁၁) (၅-မှတ်)

၂။ **(မေး)** တဒ္ဓိတ်ကျမ်းလာ ဝုဒ္ဓိနိယမသုတ်ကိုလည်းကောင်း, ကရဿ သပ္ပစ္စယဿ ကာဟော-သုတ်ကို သပ္ပစ္စယ-သဒ္ဒါအပိုမကြံမူ၍လည်းကောင်း သုတ်နက်ရေး၍၊ အဋ္ဌယိတဗ္ဗ အဋ္ဌေယျ ဘဝတာ-ကိုလည်း ဇောတကတ္ထ ပေါ်လွင်အောင် အနက်ပေးခဲ့ပါ။

၂။ **(ဖြေ)** **တဒ္ဓိတ်ကျမ်းလာ ဝုဒ္ဓိနိယမသုတ်**

အယုဝဏ္ဏာနဉ္စာယော ဝုဒ္ဓိ။

အယုဝဏ္ဏာနံ၊ အ-အက္ခရာ ဣဝဏ်ဥဝဏ်တို့၏။ အာယော စ၊ အစဉ်အတိုင်း အာ, ဧ, ဩ-အပြုတို့သည်သာလျှင်၊ ဝုဒ္ဓိ၊ ဝုဒ္ဓိမည်၏။ (သပြေ-ဒု ၃၃၉) (၃-မှတ်)

**သပ္ပစ္စယ-သဒ္ဒါအပို မကြံမူ၍သုတ်နက်ပေးပုံ**

ကရဿ သပ္ပစ္စယဿ ကာဟော။

ဘဝိဿန္တိမှို့ ဘဝိဿန္တိဝိဘတ်ကြောင့်။ သပ္ပစ္စယဿ၊ ဿဝိကရဏပစ္စည်းနှင့်တကွဖြစ်သော။ ကရဿ၊ ကရဓာတ်၏။ ကာဟော၊ ကာဟ-ပြုသည်။ ဟောတိ၊ ဖြစ်၏။ ဿဿ စ၊ ဿ-၏လည်း။ လောပေါ၊ ကျေသည်။ ဟောတိ၊ ဖြစ်၏။ (ကစ္စည်း-ဘာဋီ-ဒု ၃၈၆) (၄-မှတ်)

**အဖျွယိတဗ္ဗံ အဖျွေယျံ ဘဝတာ-ကို အနက်ပေးပုံ**

ဘဝတာ၊ အရှင်သည်။ အဖျွေယျံ၊ ရွတ်အံဖွယ်ကို။ အဖျွယိတဗ္ဗံ၊ ရွတ်အံရမည်။ (ပေသတ္တ)
(ဝါ) ရွတ်အံလို ရွတ်အံတော့။ (အတိသဂ္ဂတ္ထ)။ (ဝါ) ရွတ်အံချိန်တန်ပြီ။ (ပတ္တကာလတ္ထ)
(ကစ္စည်း-၂၉၂) (သပြေကန်-တ ၁၈၅) (၃-မှတ်

**မှတ်ချက်။ မည်သည့်နိဿယဖြင့်ဖြစ်စေ သဒ္ဒါရေးမှန်လျှင် အမှတ်ပေးရန်။**

၃။ (မေး) နာမ်ကျမ်းလာ မည်သည့်နိမိတ်နောင် မည်သည့်ဝိဘတ်တို့ကို 'ယံ'ပြုရမည်ကို ခွဲခြားဖြေဆို၍
ဣဿရ-သဒ္ဒါနှင့်ယှဉ်ရာ၌ သက်သောဝိဘတ်တို့ကို သုတ်ထောက်၍ ဖြေဆိုပြီးလျှင်၊ နာမ
သမုစ္စယော ဒွန္ဒော-၌ နာမာန်-အရကိုလည်း ဖြေဆိုပါ။

၃။ (ဖြေ) **ယံ-ပြုရမည့် ဝိဘတ်**

ဃ, ပ-အမည်ရှိသော ဣဝဏ်ဥဝဏ်တို့မှ နောက်ဖြစ်သော သို့-ဝိဘတ်ကို ယံ-ပြု။ (၂-မှတ်
ပ-အမည်ရှိသော ဤ-အက္ခရာမှ နောက်ဖြစ်သော အံ-ဝိဘတ်ကို ယံ-ပြုရပါသည်။ (၂-မှတ်
(ကစ္စည်း-၁၁၉/ ၁၂

**ဣဿရ-သဒ္ဒါနှင့် ယှဉ်ရာ၌ သက်သောဝိဘတ်များ**

ဆဋ္ဌီဝိဘတ်, သတ္တမီဝိဘတ်တို့ ဖြစ်ပါသည်။ (၂-မှတ်
သုတ်ထောက် - သာမိဿရာဓိပတိဒါယာဒသက္ခိပတိဘူပသုတကုသလေဟိ စ။ (၂-မှတ်
(ကစ္စည်း-၁၅

**နာမာန်-အရ**

တူသော ဝိဘတ်ရှိကုန်သော နာမ်ပုဒ်တို့ကို ရပါသည်။ (ကစ္စည်း-၁၇၇) (၂)မှ

၄။ (မေး) မာယူရော-ဟူသော တဒ္ဓိတ်ပုဒ်၌ ပစ္စယတ္ထနှင့် ပစ္စယဝိဓိသုတ်တို့ကို ဖြေဆို၍၊ "ငါသည်လည်းကော
သင်သည်လည်းကောင်း သွား၏"ဟူသော စကားရပ်ကို ပါဠိဝါကျ တည်ဆောက်သော် အာချ
ကြိယာ၌ သက်ရမည့်ဝိဘတ်ကို တိကျစွာ အကြောင်းပြ သတ်မှတ်ပြပါ။

၄။ (ဖြေ) **မာယူရော-တဒ္ဓိတ်ပုဒ်၌**

**ပစ္စယတ္ထကား** - သမူဟတ္ထ ဖြစ်ပါသည်။ (၂-မှတ်
**ပစ္စယဝိဓိသုတ်ကား** - ဏ ရာဂါ တဿေဒမညတ္ထေသု စ၊ သမူဟတ္ထေ ကဏ် ဏာ။(၄-မှတ်
(ကစ္စည်း-၁၉၁/ ၁၉

**အာချာတ် ကြိယာ၌ သက်ရမည့်ဝိဘတ်**

သဗ္ဗေသမေကာဘိဓာနေ ပရောပုရိသော-သုတ်ဖြင့် ပဌမ မဇ္ဈိမ ဥတ္တမပုရိသ်သုံးပါးတို့သည် ကြိယာ
ကာလတူအနက်ကို တပေါင်းတည်းဟောရာ၌ နောက်ပုရိသ်ကို ယှဉ်စေရမည်ဟု ပရိဘာသာသ
သောကြောင့် ဝတ္တမာန် ပရဿပုဒ် ဥတ္တမပုရိသ်ဝိဘတ် သက်ရပါသည်။
(ကစ္စည်း-၂၁၆) (၄-မှတ်

၇။ **(မေး)** အာချာတ်ကျမ်းလာ ကာရိတ်အပြားကို အဓိပ္ပါယ်နှင့်တကွ ဖြေဆို၍၊ ပုဗ္ဗကာလေကကတ္တုကာန်-စသောသုတ်၌ ဧကကတ္တုက-အဓိပ္ပါယ်ကို ပုံစံထုတ်၍ ရှင်းပြပြီးလျှင်၊ အသ-ဓာတ်ကို ဘဝိဿန္တိ ပရဿပုဒ်ဝိဘတ်တို့ဖြင့် ကတ္တုရုပ်ပဒမာလာ စဉ်ပြပါ။

၇။ **(ဖြေ)** **ကာရိတ်အပြား**

ဓာတူဟိ ဏေ ဏယ ဏာပေ ဏာပယာ ကာရိတာနိ ဟေတွတ္ထေ-သုတ်ဖြင့် သက်သော ကာရိတ် ပစ္စည်းသည် စေခိုင်းခြင်းအနက်ကို ဟောသောကြောင့် မုချကာရိတ် မည်၏။ (၂-မှတ်)

ဓာတုရူပေ နာမသ္မာ ဏယော စ, စုရာဒိတော ဏေ ဏယာ-စသောသုတ်တို့ဖြင့် သက်သော ကာရိတ်ပစ္စည်းသည် စေခိုင်းခြင်းအနက်ကို မဟောသောကြောင့် ရုဠီကာရိတ် မည်၏။ (၂-မှတ်)

(အခြေပြုသဒ္ဒါ-၂၈၀)

**ဧကကတ္တုက-အဓိပ္ပါယ်ကို ပုံစံထုတ်၍ ရှင်းပုံ**

သော ကာတုန ကမ္မံ ဂစ္ဆတိ-ပုံစံ၌ ကာတုန-နှင့် ဂစ္ဆတိ-ကြိယာ နှစ်ခုတို့၏ ကတ္တားသည် သော-ချည်းသာ ဖြစ်သောကြောင့် ဧကကတ္တုက မည်ပါသည်။ (အခြေပြုသဒ္ဒါ-၃၂၈) (၃)မှတ်

**မှတ်ချက်။ သဒ္ဒါနည်းမှန်သော ပုံစံတစ်မျိုးမျိုးဖြင့် ဖြေဆိုလျှင်လည်း အမှတ်ပေးရန်။**

**ကတ္တုရုပ်ပဒမာလာ စဉ်ပုံ**

ဘဝိဿတိ၊ ဘဝိဿန္တိ။

ဘဝိဿသိ၊ ဘဝိဿထ။

ဘဝိဿာမိ၊ ဘဝိဿာမ။ (ကစ္စည်း-၂၄၇) (၃-မှတ်)

၈။ **(မေး)** (က) ဂမယ-ကို အာချာတ်ရုပ်ကျဉ်း စနစ်တကျ တွက်ပြ၍၊ (ခ) အလတ္ထံ-ကို ဓာတ်, ဝိဘတ် (ဂ) ခန္တိ, ဝိဝိစ္စ-တို့ကို ဓာတ်, ပစ္စည်း ခွဲပြပါ။

၈။ **(ဖြေ)** **(က) ဂမယ-ကို အာချာတ်ရုပ်ကျဉ်း**

ဂမယကို ဂမု-တည်၊ ဂမု- ဂမုသဒ္ဒါသည်။ ဂတိမှို-လားခြင်းအနက်၌ ဓာတ်အမည်မှည့် ဓာတွန်ချေ။ ဓာတူဟိ ဏေ ဏယ ဏာပေ ဏာပယာ ကာရိတာနိ ဟေတွတ္ထေ-သုတ်ဖြင့် ဏယ-ပစ္စည်းသက်၍ ကာရိတ်လည်း အမည်မှည့်၊ ကာရိတာနံ ဏော လောပံ-သုတ်ဖြင့် ဏ်-အနုဗန်ကိုချေ၊ မ-ကို အ-သို့ ကပ်၊ ပဉ္စမီ ဟိ-ဝိဘတ်သက်၊ ဟိ လောပံ ဝါ-သုတ်ဖြင့် ဟိ-ဝိဘတ်ကို ချေ။ ဂမယ-ကား ပြီး၏။

(ကစ္စည်း-၂၃၉) (၄)မှတ်

**(ခ)** အလတ္ထံ-ကား လဘဓာတ်၊ အဇ္ဇတနီ တ္ထံ-ဝိဘတ်။ (ကစ္စည်း-၂၄၅) (၂)မှတ်

**(ဂ)** ခန္တိ-ကား ခမုဓာတ်၊ တ-ပစ္စည်း (ကစ္စည်း-၂၇၅) (၂)မှတ်

ဝိဝိစ္စ-ကား ဝိပုဗ္ဗ ဝိစဓာတ်၊ တွာပစ္စည်း။ (ကစ္စည်း-၂၈၀) (၂)မှတ်

၇။ (မေး) လနှင့်နေတို့တွင် အဘယ်က မြတ်သည်ကို ရူပသိဒ္ဓိအမြင်အရ အကြောင်းပြ သတ်မှတ်၍၊ ဒဿနသ ဌာန်-ဟု ဝါကျအားဖြင့်လည်းကောင်း၊ ဒဿနိယံ-ဟု ဝုတ္တိအားဖြင့်လည်းကောင်း ပါဠိတော်၌ ရှိနိုင်/မရှိနိုင် အကြောင်းပြ ဆုံးဖြတ်ပြီးလျှင်၊ ဘူဝါဒိတော အ-သုတ်၏ နိမိတ်ကိုလည်း တိကျစွာ သတ်မှတ်ပြပါ။

၇။ (ဖြေ) **လနှင့်နေတို့တွင် အဘယ်က မြတ်သည်ကို ဖြေပုံ**

စန္ဒိမသူရိယာ-ဟူသောပုဒ်သည် ဒွန်သမာသ်ပုဒ်ဖြစ်၍ ဒွန်သမာသ်တွဲရာ၌ "အမြတ်"ဟောပုဒ်သည် ရှေ့နေရသည်ဟူသော သဒ္ဒါစည်းကမ်းကြောင့် "လ"က မြတ်ပါသည်။ (ရူ-၂၀၉) (၃-မှတ်)

**ဝါကျ-ဝုတ္တိ ရှိ/မရှိ**

ဝါ ဏာပစ္စေ-သုတ်မှ ဝါ-သဒ္ဒါသည် တဒ္ဓိတ်စီရင်ရာ သုတ်အားလုံးသို့ ... သောကြောင့် ဒဿနသ ဌာန်-ဟု ဝါကျအားဖြင့်လည်းကောင်း၊ ဒဿနိယံ-ဟု ဝုတ္တိအားဖြင့်လည်းကောင်း ပါဠိတော်၌ ရှိ ပါသည်။ (ရူ-၂၁၈) (၄-မှတ်)

**ဘူဝါဒိတော အ-သုတ်၏ နိမိတ်**

ကတ္တားအနက်၌ စီရင်အပ်သော သဗ္ဗဓာတ်ဝိဘတ်၊ ကိတ်-စသော ပစ္စည်းတို့ ဖြစ်ပါသည်။ (ရူ-၂၆၁) (၃-မှတ်)

၈။ (မေး) ကာရိတ်အရာ၌ အာချာတ်ဝိဘတ်တို့၏ သက်ရာအနက်တို့ကို အကြောင်းပြ ဖြေဆို၍၊ အကာရ ဂမော ဟိယျတ္တနီအဇ္ဇတနီကာလာတိပတ္တိသု-သုတ်ဖြင့် အ-အက္ခရာ လာရာဌာနကို အကြောင်းပြ ဖြေဆိုပြီးလျှင်၊ ရူပသိဒ္ဓိကျမ်း၌ ကိစ္စပစ္စည်းတို့ကို ရှေးဦးစွာ ပြရခြင်းအကြောင်းတို့ကိုလည်း ဖြေဆိုပါ။

၈။ (ဖြေ) **ကာရိတ်အရာ၌ အာချာတ်ဝိဘတ်တို့၏ သက်ရာအနက်**

ကာရိတ်ပစ္စည်းနှင့် ယှဉ်လသော် အကမ္မကဓာတ်တို့သည် သကမ္မကဓာတ်၊ သကမ္မကဓာတ်တို့သည် ဒွိကမ္မကဓာတ်၊ ဒွိကမ္မကဓာတ်တို့သည် တိကမ္မကဓာတ်ဖြစ်သောကြောင့် ကာရိတ်အရာ၌ အာချာတ် ဝိဘတ်တို့၏ သက်ရာအနက်ကား ကတ္တားအနက် ကံအနက်တို့ ဖြစ်ပါသည်။ (ရူ-၃၂၉) (၄-မှတ်)

**အ-လာရာ ဌာန**

ဓာတ်၏အဆုံး၌ သရရှိနေသည့်အတွက် တဖန် အ-လာသဖြင့် အကျိုးမရှိသောကြောင့် ပြယ အားလျော်စွာ ဓာတ်၏အစ ဌာန၌ အ-အက္ခရာ လာရပါသည်။ (ရူ-၂၇၃) (၃-မှတ်)

**ကိစ္စပစ္စည်းတို့ကို ရှေးဦးစွာ ပြရခြင်းအကြောင်း**

ကစ္စည်းကျမ်း၌ တေ ကိစ္စာ-ဟု ကိစ္စအမည်မှည့်သောသုတ်ကို ရှေးဦးစွာဆိုသောကြောင့်လည်း ကောင်း၊ ကိစ္စပစ္စည်းတို့၏ နည်းသည်၏အဖြစ်ကြောင့်လည်းကောင်း ရူပသိဒ္ဓိကျမ်း၌ ကိစ္စပစ္စည်းတို့ ရှေးဦးစွာ ပြရပါသည်။ (ရူ-၃၃၇) (၃-မှတ်)

(မေး) ဈော့ စ-သုတ်ဖြင့် ဏျ-ပစ္စည်းကို ဘောက်အနက်မှတပါး မည်သည့်အနက်၌လည်း သက်နိုင်ပါသေးသနည်း? အကြောင်းပြ ဖြေဆို၍၊ ဘာဝကမ္မေသု တ-သုတ်ဖြင့် တ-ပစ္စည်းသက်၍ ပြီးသောပုဒ်တို့၏ လိင်ကို သတ်မှတ်ပြီးလျှင်၊ ချာဒီဟိ မန် မ စ တော ဝါ-သုတ်ဖြင့် မ-ကို တ-ပြုရာဌာနကိုလည်း အကြောင်းနှင့်တကွ သတ်မှတ်ပြပါ။

(ဖြေ) **ဏျ-ပစ္စည်း သက်နိုင်ရာအနက်**

ဝဒ မဒ-စသောသုတ်၌ မဒ-သဒ္ဒါကို သီးခြားဆိုထားသောကြောင့် ကရဏသာဓနအနက်၌လည်း ဏျ-ပစ္စည်းသက်နိုင်ပါသေးသည်။ (ရူ-၃၃၄) (၄-မှတ်)

**တ-ပစ္စည်းသက်၍ပြီးသောပုဒ်တို့၏ လိင်**

ဘော-အနက်၌ တ-ပစ္စည်းသက်၍ ပြီးသောပုဒ်သည် နပုံလိင်။
ကံအနက်၌ တ-ပစ္စည်းသက်၍ ပြီးသောပုဒ်သည် တိလိင် ဖြစ်ပါသည်။ (ရူ-၃၈၀) (၃-မှတ်)

**မ-ကို တ-ပြုရာ ဌာန-**

အဒ-ဓာတ်မှ နောက်ဖြစ်သော မ-ကိုသာလျှင် တ-ပြုပါသည်။ (၂-မှတ်)
အကြောင်းကား - ချာဒီဟိ မန် မ စ တော ဝါ-သုတ်၌ ဝါ-သဒ္ဒါသည် ဝဝတ္ထိတဝိဘာသာအနက်ရှိသောကြောင့်တည်း။ (ရူ-၄၀၅) (၁-မှတ်)

၀။ (မေး) အောက်ပါတို့ကို ပုဒ်စစ်ကျမ်းလာသည့်အတိုင်း ဖြေဆိုပါ။
(က) ဒွိကမ္မကဓာတ်။ (ခ) အဓိကရဏသာဓန။

၀။ (ဖြေ) **(က) ဒွိကမ္မကဓာတ်**

ကံနှစ်ခုသာရှိသောဓာတ်သည် ဒွိကမ္မကဓာတ်မည်၏၊ ပြယုဂ်ကား - အဇံ ပါလေ ာ အဇံ ဂါမံ နေတိ၊ ဂေါပါလော ဂါဝိ ခီရံ ဒုဟတိ-တည်း။ ဤ၌ နီဓာတ်သည် အဇံ-ဟူသော ဂါမံ-ဟူသော ကံနှစ်ခုရှိသောကြောင့် ဒွိကမ္မကဓာတ် မည်၏။ ထိုနှစ်ပါးသော ကံတို့တွင် အဇံ-ဟူသောကံသည် ဆောင်ခြင်းကြိယာဖြင့် အလိုရှိအပ်သောကြောင့် ပဓာနကံမည်၏၊ ဂါမံ-ဟူသောကံသည် ဆောင်ခြင်းကြိယာဖြင့် အလိုမရှိအပ်သောကြောင့် အပ္ပဓာနကံမည်၏။ (၃-မှတ်)

* ဒုဟဓာတ်သည် ဂါဝိ-ဟူသော ခီရံ-ဟူသော ကံနှစ်ခုရှိသောကြောင့် ဒွိကမ္မကဓာတ်မည်၏။ ထိုနှစ်ပါးသောကံတို့တွင် ခီရံ-ဟူသောကံသည် ညှစ်ခြင်းကြိယာဖြင့် အလိုရှိအပ်သောကြောင့် ပဓာနကံမည်၏၊ ဂါဝိ-ဟူသောကံသည် ညှစ်ခြင်းကြိယာဖြင့် အလိုမရှိအပ်သောကြောင့် အပ္ပဓာနကံ မည်၏။ (ပုဒ်စစ်-၁၅၁) (၃-မှတ်)

**(ခ) အဓိကရဏသာဓန**

ရာ-ဟူ၍ပေးအပ်သော ကိတ်ပြီးလသော် ဝါကျအခိုက်၌ရှိသော အဓိကရဏကို ဟောသောသာဓနသည် အဓိကရဏသာဓန မည်၏၊ ပြယုဂ်ကား- ဝိနေတိ ဧတ္ထာတိ ဝိနယော-တည်း။ ဤဝိနယော-ဟူသောသာဓနသည် (ဝိရှေ့ရှိသောနီဓာတ်၊ အ-ပစ္စည်း) ထိုအ-ပစ္စည်းသည် ဝိနယော-ဟု ကိတ်ပြီးလသော် ဝိနေတိ-ဟူသော ဝါကျအခိုက်၌ရှိသော ဧတ္ထ-ဟူသော အဓိကရဏကို ဟောသောကြောင့် အဓိကရဏသာဓန မည်၏။ (ပုဒ်စစ်-၁၆၅) (၄-မှတ်)

## အစိုးရပါဠိပထမပြန်စာမေးပွဲ

**၁၃၈၇–ခုနှစ်၊ (၂၀၂၅) ပထမကြီးတန်း။ ။အဘိဓမ္မတ္ထသင်္ဂဟာ မေးခွန်းနှင့်အဖြေ**

---

၁။ (မေး) ဖိုလ်၏ သုညတဝိမောက္ခ-စသော နာမည်(၃)မျိုး ရပုံပြ သင်္ဂဟာပါဠိတို့ကို ပြည့်စုံကုန်စင်အော
ရေးပါ။

၁။ (ဖြေ) သင်္ဂဟာပါဠိ
တထာ ဖလဥ္စ မဂ္ဂါဂမနဝသေန မဂ္ဂဝီထိယံ။ (၃-မှတ်

ဖလသမာပတ္တိဝီထိယံ ပန ယထာဝုတ္တနယေန ဝိပဿန္တာနံ ယထာသကံ ဖလမုပ္ပဇ္ဇမာန
ဝိပဿနာဂမနဝသေနေဝ သုညတာဒိဝိမောက္ခောတိ စ ပဝုစ္စတိ။ (၄-မှတ်

အာရမ္မဏဝသေန ပန သရသဝသေန စ နာမတ္တယံ သဗ္ဗတ္ထ သဗ္ဗေသမ္ပိ သမမေဝ စ။ (သင်္ဂဟာ၊၁၆
(၃-မှတ်

၂။ (မေး) ဝဋ်ထဲတွင် ကျင်လည်သမျှ လျှင်ဘေးစသော ဝဋ်ဒုက္ခများ မကင်းနိုင်ရကား ဝဋ်၏ အရင်းခံမူ
အကြောင်း နှစ်ပါးနှင့် ယင်းနှစ်ပါး ပြတ်ပုံပြ သင်္ဂဟာပါဠိတို့ကိုသာ အပိုအလိုမရှိ ထုတ်နုတ် အနက
ပေးပါ။

၂။ (ဖြေ) အဝိဇ္ဇာတဏှာဝသေန၊ အဝိဇ္ဇာ,တဏှာတို့၏အစွမ်းဖြင့်။ ဒွေ၊ နှစ်ပါးကုန်သော။ မူလာနိ စ၊ မူ
တို့ကိုလည်း။ ဝေဒိတဗ္ဗာနိ၊ သိအပ်ကုန်၏။ (၅-မှတ်

စ၊ သံသရာစက်လည်သည်မှတစ်ပါး, သံသရာစက်ပြတ်သည်ကို ဆိုအံ့။ တေသမေဝ မူလာ
တို့နှစ်ပါးသောမူလတို့၏သာလျှင်။ နိရောဓေန၊ အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ချုပ်ခြင်းကြောင့်။ ဝ
ဝဋ်တရားသည်။ နိရုဇ္ဈတိ၊ ချုပ်၏။ (ဗားကရာ၊၂၄၇၊၂၄၈) (၅-မှတ်

၃။ (မေး) လျှင်ဘေးကြောင့် ကိုယ်ဆင်းရဲ, စိတ်ဆင်းရဲ ခံစားကြရာ၌ ဖြစ်သောစိတ်တို့ကို ဖြေဆို၍၊ ၄င်းစိတ်
နှင့် ယှဉ်ရာစေတသိက်တို့ကိုလည်းကောင်း, ကိစ္စ, ဒွါရတို့ကိုလည်းကောင်း အသီးအသီး ဖြေဆိုပ

၃။ (ဖြေ) **ကိုယ်ဆင်းရဲခံစားကြရာ၌ ဖြစ်သောစိတ်**
အကုသလဝိပါက် ဒုက္ခသဟဂုတ်ကာယဝိညာဏ်စိတ်။ (သင်္ဂဟာ၊ ၄၀) (၂-မှတ်

**စိတ်ဆင်းရဲခံစားကြရာ၌ ဖြစ်သောစိတ်**
ပဋိဃသမ္ပယုတ် (ဒေါသမူ)စိတ် ၂-ပါး။ (သင်္ဂဟာ၊ ၄၀) (၂-မှတ်

**အကုသလဝိပါက် ဒုက္ခသဟဂုတ်ကာယဝိညာဏ်စိတ်နှင့် ယှဉ်ရာစေတသိက်**
သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ပါး။ (သင်္ဂဟာ၊ ၃၇) (၁-မှတ်

**ပဋိဃသမ္ပယုတ်(ဒေါသမူ)စိတ်နှင့် ယှဉ်ရာစေတသိက်**

ဝိတိ-ကြဉ် အညသမာန်စေတသိက် ၁၂-ပါး၊ အကုသလသာဓာရဏစေတသိက် ၄-ပါး၊ ဒေါစတုက်-၄-ပါး၊ ထိန,မိဒ္ဓ၊ ပေါင်း ၂၂-ပါး။ (သင်္ဂဟ၊ ၃၄၊ ၃၅) (၁-မှတ်)

**အကုသလဝိပါက် ဒုက္ခသဟဂုတ်ကာယဝိညာဏ်စိတ်၏ ကိစ္စ, ဒွါရ**

**ကိစ္စကား-** ဖုသနကိစ္စ။ (သင်္ဂဟ၊ ၄၄) (၁-မှတ်)

**ဒွါရကား-** ကာယဒွါရ။ (သင်္ဂဟ၊ ၄၈) (၁-မှတ်)

**ပဋိဃသမ္ပယုတ်(ဒေါသမူ)စိတ်၏ ကိစ္စ, ဒွါရ**

**ကိစ္စကား-** ဇောကိစ္စ။ (သင်္ဂဟ၊ ၄၄) (၁-မှတ်)

**ဒွါရကား-** ၆-ဒွါရ။ (သင်္ဂဟ၊ ၄၈) (၁-မှတ်)

၄။ (မေး) အာရုံအားလျော်စွာ မှန်ကန်စွာဖြစ်ကြသော ဝိပါက်စိတ်တို့ကို အသီးအသီး ဖြေဆို၍၊ (၃၁)ဘုံ၌ စိတ်ထိခိုက်မှု မာနသိကဒုက္ခ မခံစားရသော ဘုံတို့ကို ဖြေဆိုပြီးလျှင်၊ အရူပပဋိသန္ဓေလေးပါး၏ အာရုံကို ယထာရဟအားလျော်စွာ ဖြေဆိုပါ။

၄။ (ဖြေ) **အာရုံအားလျော်စွာ မှန်ကန်စွာဖြစ်ကြသော ဝိပါက်စိတ်တို့ကား-**

အနိဋ္ဌာရုံ၌ အကုသလဝိပါက်ဖြစ်သော ပဥ္စဝိညာဏ် သမ္ပဋိစ္ဆိုင်း သန္တီရဏ တဒါရုံ ဝိပါက်စိတ်များ ဖြစ်ကြသည်။ (သင်္ဂဟ၊ ၆၄) (၁-မှတ်)

ဣဋ္ဌာရုံ၌ ကုသလဝိပါက်ဖြစ်သော ပဥ္စဝိညာဏ် သမ္ပဋိစ္ဆိုင်း ဥပေက္ခာသန္တီရဏ ဥပေက္ခာတဒါရုံ ဝိပါက်စိတ်များ ဖြစ်ကြသည်။ (သင်္ဂဟ၊ ၆၄) (၁-မှတ်)

အတိဣဋ္ဌာရုံ၌ ကုသလဝိပါက်ဖြစ်သော ပဥ္စဝိညာဏ် သမ္ပဋိစ္ဆိုင်း သောမနဿသန္တီရဏ သောမနဿ တဒါရုံ ဝိပါက်စိတ်များ ဖြစ်ကြသည်။ (သင်္ဂဟ၊ ၆၄) (၁-မှတ်)

**(၃၁)ဘုံ၌ စိတ်ထိခိုက်မှု မာနသိကဒုက္ခ မခံစားရသော ဘုံ**

ဗြဟ္မာ့ဘုံ ၂၀-ဖြစ်ပါသည်။ (သင်္ဂဟ၊ ၇၀) (၃-မှတ်)

**အရူပပဋိသန္ဓေလေးပါး၏ အာရုံ**

အာကာသာနဉ္စာယတနပဋိသန္ဓေသည် ကောင်းကင်ပညတ်ဟူသော ကမ္မနိမိတ်အာရုံ၊

ဝိညာဏဉ္စာယတနပဋိသန္ဓေသည် ပဌမာရုပ္ပဝိညာဉ်ဟူသော မဟဂ္ဂုတ်ကမ္မနိမိတ်အာရုံ၊

အာကိဉ္စညာယတနပဋိသန္ဓေသည် နတ္ထိဘောပညတ်ဟူသော ကမ္မနိမိတ်အာရုံ၊

နေဝသညာနာသညာယတနပဋိသန္ဓေသည် တတိယာရုပ္ပဝိညာဉ်ဟူသော မဟဂ္ဂုတ်ကမ္မနိမိတ်အာရုံ။ (သင်္ဂဟ၊ ၉၂) (၄-မှတ်)

၅။ (မေး) ဂဗ္ဘသေယျကသတ္တဝါတို့အား ပဋိသန္ဓေအခါ ရနိုင်သော ရုပ်ကလာပ်တို့တွင် ဝတ္ထုပုရေဇာတပစ္စည်း တပ်နိုင်သော ရုပ်ကလာပ်, မတပ်နိုင်သော ရုပ်ကလာပ်တို့ကို ခွဲခြားဖြေဆို၍၊ ဒွိဟေတုကတိဟေတုက-ဇဝနေသွေ၀-အရ ဒွိဟိတ်ဇော, တိဟိတ်ဇောတို့၌ ရနိုင်သော အဓိပတိတို့ကိုလည်း ခွဲခြားဖြေဆိုပါ။

(ဖြေ) ဂဗ္ဘသေယျကသတ္တဝါတို့အား ပဋိသန္ဓေအခါ ရနိုင်သော ရုပ်ကလာပ်တို့တွင်
ဝတ္ထုပုရေဇာတပစ္စည်း-
တပ်နိုင်သောရုပ်ကလာပ်- ကာယဒသကကလာပ်, ဝတ္ထုဒသကကလာပ် ဖြစ်ပါသည်။ (၃-မှတ်)
မတပ်နိုင်သော ရုပ်ကလာပ်- ဘာဝဒသကကလာပ် ဖြစ်ပါသည်။ (သင်္ဂဟ၊ ၁၀၉) (၃-မှတ်)

ဒွိဟိတ်ဇောတို့၌ ရနိုင်သော အဓိပတိ
ဝီမံသာဓိပတိမှတပါး အဓိပတိ ၃-ပါးတို့တွင် တစ်ပါးပါးသော အဓိပတိ။ (၂-မှတ်)
တိဟိတ်ဇောတို့၌ ရနိုင်သော အဓိပတိ
အဓိပတိ ၄-ပါးတို့တွင် တစ်ပါးပါးသော အဓိပတိ။ (သင်္ဂဟ၊ ၁၂၂) (၂-မှတ်)

(မေး) ဝီသတာကာရာ-၌ ဝီသတိ-ဖြစ်ပုံကို သက်ဆိုင်ရာ သင်္ဂဟသာဓကေ အသီးအသီးပြကာ ဖြေဆို၍၊ ပဋ္ဌာန်း(၂၄)ပစ္စည်း၏ အကျဉ်းချုပ်သရုပ်တရားကိုယ်ကို ဖြေဆိုပြီးလျှင်၊ ခန္ဓာဒိနယမာရဗ္ဘ-၌ အာဒိ-သဒ္ဒါဖြင့် ဣန္ဒြေတို့ကိုလည်း ယူရာတွင် ယူရမည့်ဣန္ဒြေ, မယူရမည့် ဣန္ဒြေတို့ကို သင်္ဂဟသာဓကေပြကာ ဖြေဆိုပါ။

(ဖြေ) ဝီသတိ-ဖြစ်ပုံ
အဝိဇ္ဇာ သင်္ခါရာ အတီတော အဒ္ဓါ။
အဝိဇ္ဇာသင်္ခါရဂ္ဂဟဏေန ပနေတ္ထ တဏှုပါဒါနဘဝါပိ ဂဟိတာ ဘဝန္တိ-ဟူသော သင်္ဂဟပါဠိတို့အရ
အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ကမ္မဘဝ-ဟူသော အတိတ်အကြောင်းတရား ၅-ပါး။

မဇ္ဈေ အဋ္ဌ ပစ္စုပ္ပန္နော အဒ္ဓါ-ဟူသော သင်္ဂဟပါဠိအရ
ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ-ဟူသော ပစ္စုပ္ပန်အကျိုးတရား ၅-ပါး။

မဇ္ဈေ အဋ္ဌ ပစ္စုပ္ပန္နော အဒ္ဓါ။
တထာ တဏှုပါဒါနဘဝဂ္ဂဟဏေန စ အဝိဇ္ဇာသင်္ခါရာ-ဟူသောသင်္ဂဟပါဠိတို့အရ
တဏှာ, ဥပါဒါန်, ကမ္မဘဝ, အဝိဇ္ဇာ, သင်္ခါရ-ဟူသော ပစ္စုပ္ပန်အကြောင်းတရား ၅-ပါး။

ဇာတိဇရာမရဏံ အနာဂတော အဒ္ဓါ။
ဇာတိဇရာမရဏဂ္ဂဟဏေန စ ဝိညာဏာဒိဖလပဉ္စကမေဝ ဂဟိတံ-ဟူသော သင်္ဂဟပါဠိတို့အရ
ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ-ဟူသော အနာဂတ်အကျိုးတရား ၅-ပါး။
ပေါင်း အခြင်းအရာ ၂၀-ဖြစ်ပါသည်။ (သင်္ဂဟ၊ ၁၃၂၊ ၁၃၃) (၄-မှတ်)

ပဋ္ဌာန်း(၂၄)ပစ္စည်း၏ အကျဉ်းချုပ်သရုပ်တရားကိုယ်
ပညတ်, နာမ်, ရုပ်တို့၏အစွမ်းဖြင့် ၃-ပါးဖြစ်ပါသည်။ (သင်္ဂဟ၊ ၁၄၁) (၃-မှတ်)

ယူရမည့်ဣန္ဒြေ
တေဘူမကသင်္ခါရေသု-ဟူသောသင်္ဂဟပါဠိကို ထောက်၍ လောကီဣန္ဒြေ ၁၉-ပါး။ (၂-မှတ်)

မယူရမည့်ဣန္ဒြေ
လောကုတ္တရာဣန္ဒြေ ၃-ပါး။ (သင်္ဂဟ၊ ၁၅၉)(သင်္ဂဟ၊ဘာ၊ဋီ။၆၉၇) (၁-မှတ်)

၇။ (မေး) ဗောဓိပက္ခိယသင်္ဂဟော-၌ ဗောဓိ-အရ, ဗောဓိပက္ခိယ-အရတရားတို့ကို ဖြေဆို၍၊ ဘဝါသဝေါ-အရ ကောက်ယူရသော ရာဂ(၃)မျိုးအထူးကိုလည်း ဖြေဆိုပါ။

၇။ (ဖြေ) **ဗောဓိ-အရ**

သစ္စာ ၄-ပါးကို ထိုးထွင်း၍သိတတ်သော အရိယမဂ်ဉာဏ်။ (ဋီ၊ ၂၁၇) (၂-မှတ်)

**ဗောဓိပက္ခိယ-အရ**

ထိုအရိယမဂ်ဉာဏ်၏ အသင်းအပင်း၌ဖြစ်ကုန်သော သတိပဋ္ဌာန်စသော ဗောဓိပက္ခိယတရား ၃၇-ပါး။ (ဋီ၊ ၂၁၇) (၂-မှတ်)

**ရာဂ(၃)မျိုးအထူး**

၁။ ပဥ္စမ ဆန္ဒရာဂသည် ရူပဘဝ, အရူပဘဝ-ဟူသော ဥပပတ္တိဘဝတို့၌ တပ်မက်နှစ်သက်တတ်သော ရာဂဖြစ်ပါသည်။ (၂-မှတ်)

၂။ ဒုတိယ ဈာနနိကန္တိရာဂသည် ဈာနစေတနာဟူသော ကမ္မဘဝ၌ တပ်မက်နှစ်သက်တတ်သော ရာဂဖြစ်ပါသည်။ (၂-မှတ်)

၃။ တတိယ သဿတဒိဋ္ဌိသဟဂတရာဂသည် ဘဝဒိဋ္ဌိနှင့် တကွဖြစ်သော (ဝါ) မြဲ၏ဟုဖြစ်သော ဒိဋ္ဌိနှင့်တကွဖြစ်သော ရာဂဖြစ်ပါသည်။ (ဋီ၊ ၂၁၀) (၂-မှတ်)

၈။ (မေး) တဏှာသည် ဒုက္ခကို ဖန်ဆင်းရာ၌ မည်သည့်အကူညီကို ရ၍ ဒုက္ခသမုဒယ အမည်ရသည်ကို ဖြေဆိုပြီးလျှင်၊ ရုပ်နာမ်အစဉ်အတန်း သံသရာကြီးသည် တန်ခိုးကြီးမား နတ်ဘုရားများကြောင့် ဖြစ်ပေါ်လာ၍ ချမ်းသာခြင်း တင့်တယ်ကောင်းမွန်ခြင်းများ ရောနှောလျက် ဖြစ်နေပါသလော? ရှင်းလင်းဖြေဆိုပါ။

၈။ (ဖြေ) **ဒုက္ခသမုဒယ အမည်ရပုံ**

တဏှာသည် ကံအစရှိသောအကြောင်းတရားတို့အနီး၌ စုဝေးတည်နေမှသာ ဒုက္ခဖြစ်ခြင်း၏ အကြောင်းဖြစ်နိုင်သောကြောင့် ကံအစရှိသောအကြောင်းတို့နှင့် ပေါင်းဆုံမိလတ်သော် ဒုက္ခ ဖြစ်ပေါ်လာရာဖြစ်ပေါ်လာကြောင်းဖြစ်ရကား တဏှာသည် ကံအစရှိသောအကြောင်းတို့၏ အကူအညီကို ရ၍ ဒုက္ခသမုဒယ အမည်ရပါသည်။ (ဋီ၊၂၃၁) (၆-မှတ်)

**ရှင်းလင်းဖြေဆိုပုံကား-**

ရုပ်နာမ်အစဉ်အတန်း သံသရာကြီးသည် အကြင်အကြင်အဝိဇ္ဇာ,သင်္ခါရအစရှိသည်ဖြင့် ဆိုအပ်ပြီးသော အကြောင်းပစ္စည်းအဆက်ဆက်ဟူသော စီမံဖန်ဆင်းမှုကြောင့် ဖြစ်ခြင်းဖြစ်ပါသည်။

တန်ခိုးကြီးမား နတ်ဘုရားများ စီမံဖန်ဆင်းမှုကြောင့် ဖြစ်ခြင်းမဟုတ်ပါ။ (၂-မှတ်)

ချမ်းသာခြင်း, ကောင်းမွန်ခြင်းစသည်တို့နှင့် မရောမယှက် သက်သက် အလုံးစုံ ဝဋ်ဟုဆိုအပ်သော ဆင်းရဲတုံး ဆင်းရဲစု၏ ဖြစ်ခြင်းဖြစ်ပါသည်။

ချမ်းသာခြင်း, ကောင်းမွန်ခြင်းစသည်တို့နှင့် ရောနှောလျက် ဖြစ်သည်မဟုတ်ပါ။ (ဋီ၊၂၃၈)(၂-မှတ်)

၉။ (မေး) နိရောဓသမာပတ်၏ အကြောင်းဖြစ်သော နေဝသညာနာသညာယတနဈာန် အသညသတ်ရှေ့ စုတိစိတ်တို့၏ အနန္တရသမနန္တရပစ္စည်းတပ်ပုံကို ဖြေဆို၍၊ လောကုတ္တရာသမာဓိသည် အဘယ်၏ အစွမ်းဖြင့် အပ္ပနာသို့ ရောက်သည်ကိုလည်း ဖြေဆိုပါ။

၉။ (ဖြေ) **အနန္တရသမနန္တရပစ္စည်းတပ်ပုံ**

နိရောဓသမာပတ်၏ အကြောင်းဖြစ်သော နေဝသညာနာသညာယတနစျာန်, အသညသတ်ရှေ့ စုတိစိတ်တို့နှင့် ဖိုလ်,ပဋိသန္ဓေတို့၏အကြား၌ တူသောဇာတ်ရှိသော နာမ်တရားဖြင့် ခြားကွယ်ခြင်း၏ မရှိခြင်းကြောင့်လည်းကောင်း၊ ကွဲပြားသောဇာတ်ရှိသော ရုပ်တရားတို့သည် ခြားကွယ်မှုကို ပြုခြင်း၌ မစွမ်းနိုင်ခြင်းကြောင့်လည်းကောင်း (၄-မှတ်)

နိရောဓသမာပတ်၏ အကြောင်းဖြစ်သော နေဝသညာနာသညာယတနစျာန်, အသညသတ်ရှေ့ စုတိတို့သည် ကာလန္တရ-ကာလတပါး၌ဖြစ်ကုန်သော ဖိုလ်, စုတိတို့ကို အခြားမရှိ ဖြစ်စေခြင်း၌ လည်းကောင်း၊ တစ်ခုတည်းအဖြစ်ကဲ့သို့ ကပ်ဆောင်၍ ဖြစ်စေခြင်း၌လည်းကောင်း စွမ်းနိုင်သော ကြောင့် အနန္တရ, သမနန္တရပစ္စည်းတပ်ခြင်း ဖြစ်ပါသည်။ (ဋီ၊ ၂၄၂) (၄-မှတ်)

**လောကုတ္တရာသမာဓိ၏ အပ္ပနာသို့ ရောက်ပုံ**

လောကုတ္တရာသမာဓိသည် သီလဝိသုဒ္ဓိစသော ဝိသုဒ္ဓိ ၆-ပါး၊ သမ္မသနဉာဏ်စသော ဘာဝနာစဉ်၏ အစွမ်းဖြင့် မဂ်,ဖိုလ် အပ္ပနာသို့ ရောက်ပါသည်။ (ဋီ၊ ၂၆၁) (၂-မှတ်)

၁၀။ (မေး) "ရူးတဲ့စိတ်တွေဟာ မူးမှ အိပ်ပျော်တယ်"ဟု ဆိုသော်လည်း မမူးဘဲ ချမ်းသာစွာအိပ်ပျော်နိုင်ဖို့ ပွားများရသော မေတ္တာကမ္မဋ္ဌာန်းသည် ပယ်အပ်သောတရား, ၎င်းနှင့်တကွဖြစ်သောတရား, ၎င်းကြောင့် ရရှိသော စျာန်တို့ကို ဖြေဆို၍၊ ကလာပသမ္မသနဉာဏ်သည် အဘယ်သို့ သုံးသပ်ခြင်း၏ အစွမ်းဖြင့် ဖြစ်သည်ကို ဖြေဆိုပြီးလျှင်၊ မဂ်စိတ်နောင် ဖိုလ်စိတ်ဖြစ်ပုံကိုလည်း ဥပမာသွင်း ရှင်းလင်း ဖြေဆိုပါ။

၁၀။ (ဖြေ) **မေတ္တာကမ္မဋ္ဌာန်းသည် ပယ်အပ်သောတရား**

ဒေါမနဿနှင့်တကွဖြစ်သော ဗျာပါဒ။ (၁-မှတ်)

**မေတ္တာကမ္မဋ္ဌာန်းနှင့်တကွဖြစ်သော တရား**

ဒေါမနဿ၏ဆန့်ကျင်ဘက်ဖြစ်သော သောမနဿ။ (၁-မှတ်)

**မေတ္တာကမ္မဋ္ဌာန်းကြောင့် ရရှိသောစျာန်**

(ပဉ္စမစျာန်အစရှိသော)စျာန်လေးပါးအပေါင်း။ (ဋီ၊ ၂၆၁) (၁-မှတ်)

**ကလာပသမ္မသနဉာဏ်၏ သုံးသပ်ပုံ**

ကလာပသမ္မသနဉာဏ်သည် ဖြစ်ပေါ်ပြီး၍ မရှိခြင်းဟူသောအခြင်းအရာ၊ ဖြစ်ခြင်း ပျက်ခြင်းတို့သည် နှိပ်စက်အပ်သည်၏အဖြစ် ဟူသောအခြင်းအရာ၊ မိမိအလို၌ (ဝါ) မိမိအလိုအတိုင်း မဖြစ်ခြင်းဟူသော အခြင်းအရာဟု ဆိုအပ်သော လက္ခဏာယာဉ်သုံးပါးအပေါင်းကို သုံးသပ်ခြင်း၏အစွမ်းဖြင့် ဖြစ်ပါသည်။ (ဋီ၊ ၂၇၀) (၃-မှတ်)

**မဂ်စိတ်နောင် ဖိုလ်စိတ်ဖြစ်ပုံ**

ပယ်အပ်ပြီးသော မီးရှိသောနေရာ၌ (ဝါ) မီးငြိမ်းပြီးသောနေရာ၌ ပူသည်၏အဖြစ်ကို ငြိမ်းစေခြင်း အကျိုးငှာ ရေအိုးတို့ဖြင့် သွန်းလောင်းအပ်သော ရေကဲ့သို့ (မဂ်ဖြင့်) အကြွင်းမဲ့ပယ်အပ်ပြီးသော ကိလေသာရှိသော အရိယာပုဂ္ဂိုလ်၏သန္တာန်၌ ပူလောင်ခြင်းကို ငြိမ်းစေခြင်းအကျိုးငှာ မဂ်စိတ်နောင် ပူလောင်ခြင်းကို ငြိမ်းစေတတ်သော ဖိုလ်စိတ် နှစ်ကြိမ်သုံးကြိမ် ဖြစ်ရပါသည်။ (ဋီ၊ ၂၇၃) (၄-မှတ်)

## အစိုးရပါဠိပထမပြန်စာမေးပွဲ

၁၃၈၇–ခုနှစ်၊ (၂၀၂၅) ပထမကြီးတန်း။ ။အဘိဓာန်,အလင်္ကာ,ဆန်း မေးခွန်းနှင့်အဖြေ

၁။ (မေး) အောက်ဖော်ပြပါ ပါဠိဝေါဟာရတို့ကို မြန်မာဝေါဟာရ တစ်ခုစီ ပြန်ဆိုပြပါ။
(က) ဝိသုဒ္ဓိ (ခ) ဝေဟာသ (ဂ) နိယတိ (ဃ) ယောသနာ (င) ဟဒယင်္ဂမ
(စ) မဒ္ဒလ (ဆ) နိက္ကာယ (ဇ) သဇန (ဈ) ဉရ (ည) မဉ္ဇိရ

၁။ (ဖြေ) (က) နိဗ္ဗာန် (ဂါထာ၊ ၉)
(ခ) ကောင်းကင် (ဂါထာ၊ ၄၅)
(ဂ) ကံကြမ္မာ (ဂါထာ၊ ၉၀)
(ဃ) ကြွေးကြော်ခြင်း (ဂါထာ၊ ၁၁၇)
(င) ကြင်နာစကား (ဂါထာ၊ ၁၂၅)
(စ) စည်အထူး (ဂါထာ၊ ၁၄၄)
(ဆ) ဆုံးဖြတ်ခြင်း (ဂါထာ၊ ၁၇၁)
(ဇ) ဆွေမျိုး (ဂါထာ၊ ၂၄၃)
(ဈ) ရင်ဘတ် (ဂါထာ၊ ၂၇၀)
(ည) ခြေကျင်း (ဂါထာ၊ ၂၈၈) (၁)မှတ်စီ (၁၀-မှတ်)

၂။ (မေး) အောက်ဖော်ပြပါ မြန်မာဝေါဟာရတို့ကို ပါဠိဝေါဟာရ တစ်ခုစီ ပြန်ဆိုပြပါ။
(က) နန္ဒာရေကန် (ခ) မီးကျီးခဲ (ဂ) မိုးအုံ့သောနေ့ (ဃ) မစပ်စကား (င) မိုးရေဝင်အရပ်
(စ) မြို့လက် (ဆ) ဝရံတာ (ဇ) ဆံမြိတ် (ဈ) နံပါး (ည) ဦးထုပ်

၂။ (ဖြေ) (က) နန္ဒာ (ဂါထာ၊ ၂၃)
(ခ) အင်္ဂါရ (ဂါထာ၊ ၃၆)
(ဂ) ဒုဒ္ဒိန (ဂါထာ၊ ၅၀)
(ဃ) အဗဒ္ဓ (ဂါထာ၊ ၁၂၆)
(င) ဒေဝမာတိက (ဂါထာ၊ ၁၈၈)
(စ) သာခါနဂရ (ဂါထာ၊ ၁၉၉)
(ဆ) ဝေဒိကာ၊ ဝေဒိ (ဂါထာ၊ ၂၂၂)
(ဇ) ပလိတ (ဂါထာ၊ ၂၅၁)
(ဈ) ပဿ (ဂါထာ၊ ၂၆၄)
(ည) နာလိပဋ္ဋ (ဂါထာ၊ ၂၉၄) (၁)မှတ်စီ (၁၀-မှတ်)

မှတ်ချက်။ ။ပါဠိတစ်လုံးလုံး မှန်လျှင် အမှတ်ပေးရန်။

၃။ (မေး) "မြေနုကျွန်းပေါ်"၏ အဓိပ္ပါယ်ကို ရှင်းပြ၍၊ နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ဖို့ရန် ပြည့်စုံရမည့် တိုင်းပြည်အင်္ဂါတို့ကို မြန်မာဘာသာဖြင့် ကုန်စင်အောင် ထုတ်ပြပါ။

၃။ (ဖြေ) **'မြေနုကျွန်းပေါ်'၏ အဓိပ္ပါယ်**

ပေါက်သစ်စဖြစ်သော မြက်ဖြင့် မှတ်အပ်သော စိမ်းစိုသောအရပ်သည် 'မြေနုကျွန်းပေါ်'မည်ပါသည်။
(ဂါထာ၊ ၁၈၇) **(၃-မှတ်)**

**တိုင်းပြည်အင်္ဂါများ**

၁။ ပြည့်ရှင်မင်း
၂။ မှူးမတ်
၃။ မဟာမိတ်မင်း
၄။ ဘဏ္ဍာကျိုကြ
၅။ ခံတပ်, ကတုတ်
၆။ နိုင်ငံနယ်ပယ်
၇။ စစ်သည်ဗိုလ်ပါ။ (ဂါထာ၊ ၃၅၀) (၇-မှတ်)

**(မှတ်ချက်။ ၈-တိုင်းသူပြည်သား-ဟု ထည့်ဖြေဆိုလျှင်လည်း အမှတ်မလျှော့ရ။)**

၄။ (မေး) သ-သဒ္ဒါ ဟောနိုင်သော အနက်နှင့်, ယန-သဒ္ဒါ ဟောနိုင်သော အနက်များကို လိင်အားလျော်စွာ ခွဲခြား ဖော်ပြပါ။

၄။ (ဖြေ) **သ-သဒ္ဒါ ဟောနိုင်သော အနက်များကို လိင်အားလျော်စွာ ခွဲခြားပုံ**

ပုလ္လိင် သ-သဒ္ဒါသည် အဆွေခင်ပွန်း၌ ဖြစ်၏။
နပုလ္လိင် သ-သဒ္ဒါသည် မိမိ၌ ဖြစ်၏။
ပုလ္လိင် နပုလ္လိင် သ-သဒ္ဒါသည် ဥစ္စာ၌ ဖြစ်၏။
ပုလ္လိင် သာ-သဒ္ဒါသည် ခွေး၌ ဖြစ်၏။
လိင်သုံးပါးနှင့်ယှဉ်သော သ-သဒ္ဒါသည် မိမိဥစ္စာ၌ ဖြစ်၏။(ဂါထာ-၈၀၈) (ခံ-သျ ၂၈၈) (၅-မှတ်)

**ယနသဒ္ဒါဟောနိုင်သောအနက်များကို လိင်အားလျော်စွာ ခွဲခြားပုံ**

ပုလ္လိင် ယန-သဒ္ဒါသည် သံတင်းပုတ်အနက်၊ မိုးတိမ်အနက်တို့ကို ဟောပါသည်။
နပုလ္လိင် ယန-သဒ္ဒါသည် မောင်း, ကြေးနင်း-စသော ယနစည်ကို ဟောပါသည်။
ဝါစ္စလိင်သို့ လိုက်သော ယန-သဒ္ဒါသည် တခဲနက်အနက်, ကြမ်းတမ်းခက်မာခြင်းအနက်-တို့ကို ဟောပါသည်။ (ဂါထာ၊ ၈၂၀) (ခံ သျ-၂၉၁) (၅-မှတ်)

၅။ (မေး) "ဤယောက်ျားကား ပြစ်မှားမရှိ ကြည့်တည့်တည့်ကို မျက်စိဖြင့်သာ ကြည့်ကာကာတည်း"ဟူသော ကဗျာ၌ သင့်ရောက်သော ဒေါသပြဂါထာနှင့်, "လောက၌ မီးရှူးသန့်စင် ဖွားမြင်သော ဘုရားသည် လောကနှင့် မရော"ဟူသော စကား၌ လွတ်နိုင်သော ဒေါသ၏ အဖြေပြဂါထာကို ပါဠိရေးပါ။

၅။ (ဖြေ) **ဒေါသပြဂါထာ ပါဠိ**

သိယာ ဝိသေသနာပေက္ခံ၊ ယံ တံ ပတ္တာ ဝိသေသနံ။
သာတ္တကံ တံ ယထာ တံ သော၊ ဘိယျော ပဿတိ စက္ခုနာ။(ဂါထာ၊ ၃၇) (ပါ-၂၁၀) **(၅-မှတ်)**

**ဒေါသ၏ အဖြေပြဂါထာ ပါဠိ**

သင်္ကေတာနာ'ဝိကရဏော၊ ကာရဏော သတိ တာဒိသော။
ဩစိတျဟီနတာ'ပတ္တိ၊ နတ္ထိ ဘူတတ္တ သံသိနော။ (ဂါထာ၊ ၁၀၃) (ပါ-၂၁၆) **(၅-မှတ်)**

၆။ (မေး) "အနှစ်တစ်ရာ အနာကင်းစွာ သင့်ချမ်းသာကို မြင်ပါရလို ငါဆုဆို၏"ဟူသောကဗျာ၌ ရနိုင်သော ဂုဏ်ပြဂါထာကို အနက်ရေးပါ။

၆။ (ဖြေ) **ရနိုင်သောဂုဏ်ပြဂါထာကို အနက်ပေးပုံ**

အဘိဓေယျသ၊ အနက်၏။ ဝါ-အနက်ကို။ သဒ္ဒတော၊ သဒ္ဒါအားဖြင့်လည်းကောင်း။ အတ္ထတော၊ အနက်အားဖြင့်လည်းကောင်း။ အနေယျတာ၊ မဆောင်အပ်သည်၏အဖြစ်သည်။ အတ္ထဗျတ္တိ၊ အတ္ထဗျတ္တိဂုဏ်မည်၏။ တဒုဘယာ၊ ထိုသဒ္ဒါ, အနက် နှစ်ပါးစုံကြောင့်ဖြစ်သော။ သာယံ အနေယျတာ၊ ထိုအတ္ထဗျတ္တိဂုဏ်ကို။ နေယျပရိဟာရေ၊ နေယျဒေါသ၏ အဖြေ၌။ ပဒဿိတာ၊ ပြအပ်ပြီ။ ယထာ၊ ဥဒါဟရုဏ်အဘယ်နည်း။ မရီစိစ္စာဒိ စ၊ မရီစိ-အစရှိသော ဥဒါဟရုဏ်သည်လည်းကောင်း။ မနောနုရဉ္ဇနော စ္စာဒိ စ၊ မနောနုရဉ္ဇနော-အစရှိသော ဥဒါဟရုဏ်သည်လည်းကောင်း။ ဟောတိ၊ ဖြစ်၏။ (ဂါထာ၊ ၁၄၇) (မေဒိနီ၊ နှာ၊ ၂၀၄/၅) **(၁၀-မှတ်)**

**မှတ်ချက်။ ။မည်သည့်နိဿယနှင့်မဆို သဒ္ဒါနည်းမှန်လျှင် အမှတ်ပေးရန်။**

၇။ (မေး) အောက်ပါတို့တွင် (က)၌ သင့်သောဒေါသ (ခ)၌ လွတ်သောဒေါသ (ဂ)၌ မြောက်သောဂုဏ် (ဃ)၌ ရသော အလင်္ကာတို့ကို အကြောင်းအသီးသီးပြ ဖြေဆိုပါ။

(က) ဆင်ကောင်ကိုပင် ကွယ်ဝှက်ချင်၍ မမြင်စေလှည့် မန်းဖုံး၏သို့။
(ခ) ဒီတောင်ကို မောင်ဖြိုပ့ါမယ် မြင့်မိုရ်မို့လား။
(ဂ) လှပကျော့ရှင်း ပျို့တစ်သင်း။
(ဃ) ပျော့ရာမှာ ဖယောင်း, မာရာမှာ သံချောင်း။

၇။ (ဖြေ) (က) မန်း-ဟူသောပုဒ်သည် 'စကော'ဟူသောအနက်ဟောသည်ကို သိရန် ခက်ခဲသောကြောင့် ကိလိဋ္ဌဒေါသ သင့်ပါသည်။ (ဂါထာ-၂၃) (ပါ-၂၀၉) (၂)မှတ်

(ခ) ဤကဗျာသည် ချစ်ပုံကို ကြုံးဝါးသောအရာဖြစ်သောကြောင့် အတိဝုတ္တဒေါသမှ လွတ်ပါသည်။ (ဂါထာ-၉၅) (ပါ-၂၁၅) (၂)မှတ်

(ဂ) ဤကဗျာသည် "လှပကျော့ရှင်း"ဟူသော ချီးမွမ်းကြောင်းပြ အမွမ်းတင်ဝိသေသနပုဒ်ပါရှိသော ကြောင့် ဒုတိယဥဒါရတာဂုဏ် မြောက်ပါသည်။ (ဂါထာ-၁၄၅) (ပါ-၂၂၀) **(၃)**မှတ်

(ဃ) ဤကဗျာသည် ပျော့ခြင်း မာခြင်းကို အလွန်ကဲပြ၍ ဆိုထားသောကြောင့် အတိသယဝုတ္တိ အလင်္ကာ ရပါသည်။ (ဂါထာ-၁၇၃) (ပါ-၂၂၃) **(၃)**မှတ်

၈။ (မေး) ပီရောယံ တိဝိဓာ ဘဝေ-၌ တိ-အရကို မြန်မာဘာသာဖြင့် ထုတ်ပြ၍၊ "ယမင်းပုံလို ပဘာဖျို၏ သင့်ကိုလွန်စွာ ချစ်အာသာကြောင့် ပြည်ရွာတိုင်းခွင် ငါ စွန့်ချင်သည် မင်းပင် မလုပ်လိုတော့ပြီ" ဟူသော ကဗျာ၌ ဖြစ်သင့်သော ဘာဝါလက်ာရကို ထုတ်ပြပါ။

၈။ (ဖြေ) **ပီရောယံ တိဝိဓာ ဘဝေ-၌ တိ-အရ**

၁။ စစ်တိုက်ခြင်း၊

၂။ အလှူပေးခြင်း၊

၃။ သနားခြင်း။ (ဂါထာ၊၃၆၃)(မေဒိနီ၊နှာ၊၄၄၀) (၃-မှတ်)

**ဘာဝါလက်ာရ ထုတ်ပုံ**

၁။ ကုသမင်း၏ ပဘာဝတီကို ချစ်ခင်စုံမက်နှစ်သက်မြတ်နိုးသောအခြင်းအရာအားဖြင့် ဖြစ်သော (လောဘမူ)စိတ္တုပ္ပါဒ်သည် ကာမရတိဌာယီဘာဝ၊ ကာမသိင်္ဂါရရသ (အယောဂသိင်္ဂါရရသ) မည်၏။ (၃-မှတ်)

၂။ ပဘာဝတီမင်းသမီးသည် အာရမ္မဏဝိဘာဝ မည်၏။ (၁-မှတ်)

၃။ ပဘာဝတီမင်းသမီး၏ ယမင်းပုံလိုလှပခြင်းသည် ဥဒ္ဒီပနဝိဘာဝ မည်၏။ (၁-မှတ်)

၄။ နိုင်ငံကို စွန့်လိုခြင်း, မင်းမလုပ်လိုတော့ခြင်းစသည်တို့သည် အနုဘာဝ မည်၏။ (၂-မှတ်)
(ဂါထာ-၃၅၇) (မေဒနီ-၄၃၁)

**မှတ်ချက်။ တဏှာ ရာဂ-စသည် ပြဋ္ဌာန်း၍ ကောက်လျှင်လည်း အမှတ်ပေးရန်။**

၉။ (မေး) လဟုချည်းသက်သက် ဖွဲ့ထားသောဂါထာနှင့်, ဂရုချည်းသက်သက် ဖွဲ့ထားသောဂါထာကို ပါဠိ ရေး၍၊ လုလင်နှင့်အလားတူသော ဂါထာကိုလည်း အနက်ပေးပါ။

၉။ (ဖြေ) **လဟုချည်းသက်သက်ဖွဲ့ထားသောဂါထာ**

ဒ္ဓိက ဝိဟတ ဝသု လဟု အစလဓိတိရိဟ။ (ဂါထာ၊ ၃၈) (ပါ-၂၄၆) (၃-မှတ်)

**ဂရုချည်းသက်သက် ဖွဲ့ထားသောဂါထာ**

မော မော ဂေါ ဂေါ ဝိဇ္ဇုမ္မာလာ။ (ဂါထာ၊ ၄၉) (ပါ-၂၄၇) (၃-မှတ်)

**လုလင်နှင့်အလားတူသော ဂါထာကို အနက်ပေးပုံ**

ယဿံ ဂါထာယံ၊ အကြင်ဂါထာ၌။ ပဋိပါဒံ၊ ပါဒတိုင်း ပါဒတိုင်း။ ဘာ၊ ဘဂိုဏ်းနောင်မှ။ တလဂါ၊ တဂိုဏ်း လဟုဂရုတို့သည်။ စေ သိယုံ၊ အကယ်၍ဖြစ်ကုန်ငြားအံ့။ တံ ဝုတ္တံ၊ ထိုဂါထာသည်။ မာဏဝကံ၊ မာဏဝကဂါထာ မည်၏။ (ဂါထာ၊ ၄၉) (မေဒနီ၊ နှာ၊ ၁၂၉) (၄-မှတ်)

၁၀။ (မေး) ဝေတာလီဂါထာ၏ လက္ခဏာကို ဖော်ပြ၍၊ လလိတာဂါထာအမည်ရခြင်း၏ အကြောင်းကို ဖြေဆိုပြီးလျှင်၊ ပိင်္ဂလဝိပုလာဂါထာ၏ သမပါဒ အစအက္ခရာလေးလုံးနောင် ရှိသင့်သော ဂိုဏ်းများကိုလည်း ဖော်ပြပါ။

၁၀။ (ဖြေ) ဝေတာလီဂါထာ၏ လက္ခဏာ

၁။ ဝိသမပါဒအစ (၆)မတြာရှိခြင်း။

၂။ ထိုဝိသမပါဒအစ (၆)မတြာနောင် ရဂိုဏ်း လဟု ဂရုရှိခြင်း။

၃။ သမပါဒအစ (၈)မတြာရှိခြင်း။

၄။ ထိုသမပါဒအစ (၈)မတြာနောင် ရဂိုဏ်း လဟု ဂရုရှိခြင်း။

၅။ သမပါဒ၌ လဟု(၆)လုံးတဆက်တည်း မရှိခြင်း။ (မေဒနီ-၈၄) (၅-မှတ်)

**လလိတာဂါထာ မည်ခြင်းအကြောင်း**

တဂိုဏ်း ဘဂိုဏ်းစသည်တို့ဖြင့် တင့်တယ်သောကြောင့် လလိတာဂါထာ မည်၏။ (၂-မှတ်)
(ဂါထာ-၈၂) (မေဒနီ-၁၅၅)

**ဝိဂ်လဝိပုလာဂါထာ၏ သမပါဒ အစအက္ခရာလေးလုံးနောင် ရှိသင့်သောဂိုဏ်းများ**

တဂိုဏ်း ဘဂိုဏ်း ဇဂိုဏ်း နဂိုဏ်းတို့ ဖြစ်ပါသည်။ (ဂါထာ-၁၂၂) (မေဒနီ-၁၉၈) (၃-မှတ်)

---

၁။ (မေး) အမိဝမ်း၌ကိန်းသောပုဂ္ဂိုလ်များ အသက်မရှူဘဲ အသက်ရှင်နိုင်ခြင်းအကြောင်းကို ဖြေဆို၍၊ ပုဂ္ဂိုလ်တို့၏ တည်ရာဌာန မဟုတ်ပါဘဲလျက် စျာန်ကို "ဩကာသ"ဟု ခေါ်ဆိုနိုင်ခြင်း အကြောင်းကိုလည်း ဖြေဆိုပါ။

၁။ (ဖြေ) **အသက်မရှူဘဲ အသက်ရှင်နိုင်ခြင်းအကြောင်း-**
ချုပ်ပြီးသော~~အာကာသ~~ရှိသည်၏အဖြစ်ကြောင့် အမိဝမ်း၌ကိန်းသောပုဂ္ဂိုလ်များ အသက်မရှူဘဲ အသက်ရှင်နိုင်ခြင်း ဖြစ်ပါသည်။ (ကောက်-၇၆၆) (၅-မှတ်)

**စျာန်ကို "ဩကာသ"ဟု ခေါ်ဆိုနိုင်ခြင်းအကြောင်း-**
(ပုဂ္ဂိုလ်တို့၏ တည်ရာဌာန မဟုတ်ပါသော်လည်း) ကာယသင်္ခါရ-စသော သင်္ခါရသုံးပါးတို့၏ တည်ရာဖြစ်သောကြောင့် စျာန်ကို "ဩကာသ"ဟု ခေါ်ဆိုရပါသည်။ (ကောက်-၇၇၂)(၅-မှတ်)

၂။ (မေး) အောက်ပါတို့တွင် (က)၌ တစ်ဘက်ရကိုသာ ကောက်ပြ၍ (ခ)၌ တစ်ဘက်ရဝိဘင်းကိုသာ အနက်ပေးပါ။
(က) ယဿ ကာယသင်္ခါရော ဥပ္ပဇ္ဇတိ၊ တဿ ဝစီသင်္ခါရော ဥပ္ပဇ္ဇတီတိ။
(ခ) ယဿ ဝါ ပန ဝစီသင်္ခါရော ဥပ္ပဇ္ဇိဿတိ၊ တဿ ကာယသင်္ခါရော ဥပ္ပဇ္ဇိဿတီတိ

၂။ (ဖြေ) **(က) တစ်ဘက်ရကား**
အဿာသပဿာသနှင့်တကွ ဒုတိယစျာန်ဇောတစ်ဆယ်, တတိယစျာန်ဇောတစ်ဆယ်တို့၏ ဥပ္ပါဒ-က္ခဏသမင်္ဂီဟုဆိုအပ်သော စျာန်ဝင်စားသော ကာမာဝစရပုဂ္ဂိုလ် ရ၏။ (ကောက်၊ ၃၁၃)(၅-မှတ်)

**(ခ) တစ်ဘက်ရကို အနက်ပေးပုံ**
ယဿ စိတ္တဿ၊ ပစ္ဆိမစိတ်မှ ပြန်၍ရေသော် အဆုံးစွန်သော အဿာသပဿာသနှင့်တကွဖြစ်သော အကြင်တေတ္တိံသမစိတ်၏။ အနန္တရာ၊ အခြားမဲ့၌။ ကာမာဝစရာနံ၊ ကာမာဝစရပုဂ္ဂိုလ်တို့အား။ ပစ္ဆိမစိတ္တံ၊ ပစ္ဆိမစိတ်သည်။ ဥပ္ပဇ္ဇိဿတိ၊ ဖြစ်လတ္တံ့။ တေသံ၊ ထိုပုဂ္ဂိုလ်တို့အားလည်းကောင်း။
ရူပါဝစရေ၊ ရူပါဝစရဘုံ၌။ အရူပါဝစရေ၊ အရူပါဝစရဘုံ၌။ ပစ္ဆိမဘဝိကာနံ၊ ပစ္ဆိမဘဝိကဖြစ်ကုန်သော။ တေသံ၊ ထိုပုဂ္ဂိုလ်တို့အားလည်းကောင်း။
ယေ စ၊ အကြင်ပုဂ္ဂိုလ်တို့သည်လည်း။ ရူပါဝစရံ၊ ရူပါဝစရဘုံသို့လည်းကောင်း။ အရူပါဝစရံ၊ အရူပါဝစရဘုံသို့ လည်းကောင်း။ ဥပပဇ္ဇိတွာ၊ ကပ်ရောက်၍။ ပရိနိဗ္ဗာယိဿန္တိ၊ ပရိနိဗ္ဗာန်ပြုကုန်လတ္တံ့။ တေသံ ၊ ထိုပုဂ္ဂိုလ်တို့အားလည်းကောင်း။ စဝန္တာနံ၊ စုတေဆဲကုန်သော။ တေသံ၊ ထိုပုဂ္ဂိုလ်တို့အား။ ဝစီသင်္ခါရော၊ ဝစီသင်္ခါရသည်။ ဥပ္ပဇ္ဇိဿတိ၊ ဖြစ်လတ္တံ့။ တေသံ၊ ထိုပုဂ္ဂိုလ်တို့အား။ ကာယသင်္ခါရော၊ ကာယသင်္ခါရသည်။ နော စ ဥပ္ပဇ္ဇိဿတိ၊ ဖြစ်လတ္တံ့ကား မဟုတ်။ (ကောက်၊ ၃၂၃) (၅-မှတ်)

၃။ (မေး) "အထိမခံ ရွှေပန်းကန်ပမာ" သည်းခံခြင်းမရှိသော ပဋိဃာနုသယ ကိန်းသောပုဂ္ဂိုလ်အား အယူမှားမှု ဒိဋ္ဌာနုသယ ကိန်းသလော?ဌ် ဝိဿဇ္ဇနာပါဠိကို ရေး၍၊ မာနာနုသယကို မပယ်အပ်သေးသော ပုဂ္ဂိုလ်, ဘုံဌာန၌ ကာမရာဂါနုသယကို မပယ်အပ်သေးပြီလော?ဌ် ဝိဘင်းပါဠိကိုလည်း ရေးပါ။

၃။ (ဖြေ) ဝိဿဇ္ဇနာပါဠိ ထုတ်ပုံ

ဒွိန္နံ ပုဂ္ဂလာနံ ပဋိဃာနုသယော အနုသေတိ၊ နော စ တေသံ ဒိဋ္ဌာနုသယော အနုသေတိ၊ ပုထုဇ္ဇနဿ ပဋိဃာနုသယော စ အနုသေတိ ဒိဋ္ဌာနုသယော စ အနုသေတိ။

(ကောက်-၃၉၄/၅) (၅-မှတ်)

ဝိဘင်းပါဠိ ထုတ်ပုံ

အနာဂါမိဿ ရူပဓာတုယာ အရူပဓာတုယာ တဿ တတ္ထ မာနာနုသယော အပ္ပဟီနော ကာမရာဂါနုသယော န ဝတ္တဗ္ဗော "ပဟီနော"တိ ဝါ "အပ္ပဟီနော"တိ ဝါ၊

တဿေဝ ပုဂ္ဂလဿ ကာမဓာတုယာ ဒွီသု ဝေဒနာသု တဿ တတ္ထ မာနာနုသယော အပ္ပဟီနော နော စ တဿ တတ္ထ ကာမရာဂါနုသယော အပ္ပဟီနော၊

တိဏ္ဏံ ပုဂ္ဂလာနံ ရူပဓာတုယာ အရူပဓာတုယာ တေသံ တတ္ထ မာနာနုသယော အပ္ပဟီနော ကာမရာဂါနုသယော န ဝတ္တဗ္ဗော "ပဟီနော"တိ ဝါ "အပ္ပဟီနော"တိ ဝါ၊

တေသညေဝ ပုဂ္ဂလာနံ ကာမဓာတုယာ ဒွီသု ဝေဒနာသု တေသံ တတ္ထ မာနာနုသယော စ အပ္ပဟီနော ကာမရာဂါနုသယော စ အပ္ပဟီနော။ (ယမက-ဒု၊၂၆၃) (ကောက်၊ ၄၃၄) (၅-မှတ်)

၄။ (မေး) အောက်ပါတို့တွင် (က)ကို သရုပ်ပေါ်လွင်စေလျက်အနက်ပေး၍ (ခ)ကို အရကောက်ပြပါ။

(က) န ရူပဓာတုယာ စုတဿ ရူပဓာတုံ ဥပပဇ္ဇန္တဿ။

(ခ) ရူပဓာတုယာ စုတဿ ရူပဓာတုံ ဥပပဇ္ဇန္တဿ။

၄။ (ဖြေ) (က) အနက်ပေးပုံ

န ရူပဓာတုယာ၊ ကာမသုဂတိ(၇)ဘုံမှ။ စုတဿ၊ စုတေသော။ ရူပဓာတုံ၊ ရူပ(၁၆)ဘုံ၌။ ဥပပဇ္ဇန္တဿ၊ ပဋိသန္ဓေနေသောပုဂ္ဂိုလ်အား။

(ကောက်-၄၄၁) (၄-မှတ်)

(ခ) အရကောက်ပုံ

ရူပဓာတုယာ စုတဿ-၏အရကား

ရူပစုတိ(၅)ခု၊ စေတသိက် ပဥ္စတိံသ၊ အဆုံးစွန်သော ကမ္မဇရုပ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟုဆိုအပ်သော တိဟိတ်ပုထုဇဉ်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ်(၃)ယောက်တို့အား အသညသတ် အကနိဋ္ဌကြဉ်သော ရူပ (၁၄)ဘုံ ရ၏။

(ကောက်-၄၃၉) (၃-မှတ်)

ရူပဓာတုံ ဥပပဇ္ဇန္တဿ-၏ အရကား

ရူပပဋိသန္ဓေငါးခု၊ စေတသိက် ပဥ္စတိံသ၊ ကမ္မဇကလာပ်လေးစည်းတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟုဆိုအပ်သော တိဟိတ်ပုထုဇဉ် အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ်(၃)ယောက်တို့အား အသညသတ်ကြဉ်သော ရူပ (၁၅)ဘုံ ရ၏။

(ကောက်-၄၃၉) (၃-မှတ်)

၅။ **(မေး)** သုတ္တန္တစိတ္တမိသာကဝိသေသ၌ ဟောနိုင်သောယမကအရေတွက်ကို သင်္ချာမျှ ဖော်ပြ၍၊ ယခုစာဖြေရှင်တို့ သန္တာန်၌ ဖြစ်နေသောစိတ်သည် မနက်ဖြန် ဖြစ်လိမ့်ဦးမည်ဟုဆိုက မှန်/မမှန် ဝိဘင်းသာဓကေထောက်၍ ဖြေဆိုပါ။

၅။ (ဖြေ) **ယမကအရေတွက်ကား-** (၂၀၁၆) ဖြစ်ပါသည်။ (ကောက်-၄၄၇) (၄-မှတ်)

**မှန်/မမှန် ဆုံးဖြတ်ပုံ**

မမှန်ပါ။ (၃-မှတ်)

**ဝိဘင်းသာဓကကား**

(ယဿ) ယံ စိတ္တံ ဥပ္ပဇ္ဇတိ၊ (တဿ)တံ စိတ္တံ ဥပ္ပဇ္ဇိဿတီတိ နော-ဖြစ်ပါသည်။ (၃-မှတ်)

**(မှတ်ချက်။ နော-ဟု ဝိဘင်းသာဓကထောက် ဖြေဆိုပါကလည်း အမှတ်ပြည့်ပေးရန်။)**

၆။ **(မေး)** (က) သရာဂစိတ် ဖြစ်ဆဲမဟုက်သော ပုဂ္ဂိုလ်။

(ခ) ကုသိုလ်စိတ် ဖြစ်ဆဲသာရ၍ ကုသိုလ်စိတ်ဖြစ်လတ္တံ့ မရသောပုဂ္ဂိုလ်။

(ဂ) ကုသိုလ်စိတ် ဖြစ်ဆဲ,ဖြစ်လတ္တံ့ နှစ်ပါးစုံ မရသောပုဂ္ဂိုလ်တို့ကို အရကောက်ပြပါ။

၆။ (ဖြေ) **(က) သရာဂစိတ် ဖြစ်ဆဲမဟုတ်သော ပုဂ္ဂိုလ်-အရကား**

ခပ်သိမ်းသောစိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီ, ဝီတရာဂစိတ်(၈၁)ခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဖြစ်သော ပုထုဇဉ်ပုဂ္ဂိုလ်(၄)ယောက်၊ အရိယာပုဂ္ဂိုလ်(၈)ယောက်။

နိရောဓသမာပတ်ဝင်စားခိုက်သော အနာဂါမ်, ရဟန္တာပုဂ္ဂိုလ်၊ အသညသတ်ပုဂ္ဂိုလ် ရ၏။

(ကောက်-၄၆၂) (၄-မှတ်)

**(က) ကုသိုလ်စိတ် ဖြစ်ဆဲသာရ၍ ကုသိုလ်စိတ်ဖြစ်လတ္တံ့ မရသောပုဂ္ဂိုလ်**

အရဟတ္တမဂ်၏ ဥပ္ပါဒက္ခဏသမင်္ဂီဟုဆိုအပ်သော အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် ရ၏။ (၃-မှတ်)

**(ခ) ကုသိုလ်စိတ် ဖြစ်ဆဲဖြစ်လတ္တံ့နှစ်ပါးစုံ မရသောပုဂ္ဂိုလ်**

အရဟတ္တမဂ်၏ ဘင်္ဂက္ခဏသမင်္ဂီဟုဆိုအပ်သော အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်, အရဟတ္တမဂ္ဂါနန္တရဖိုလ်မှ စ၍ ပစ္ဆိမစိတ်တိုင်အောင် အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ် ရ၏။ (အရကောက်-၄၆၆) (၃-မှတ်)

၇။ **(မေး)** ဖြူစင်သောကုသိုလ်တရားများနှင့် မဲညစ်သောအကုသိုလ်တရားများ နှစ်ပါးစုံ ဖြစ်ဆဲမရသော ပုဂ္ဂိုလ်တို့ကို အရကောက်ပြ၍၊ ကုသိုလ်ဖြစ်ဆဲလည်း မဟုတ်, အကုသိုလ်ချုပ်ဆဲလည်း မဟုတ်သော ပုဂ္ဂိုလ်တို့ကိုလည်း အရကောက်ပြပါ။

၇။ (ဖြေ) **ကုသိုလ် အကုသိုလ်နှစ်ပါးစုံ ဖြစ်ဆဲမရသော ပုဂ္ဂိုလ်တို့ကား**

ခပ်သိမ်းသောစိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီ, ဝိပါက်(၃၆)၊ ကြိယာစိတ်(၂၀)တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟုဆိုအပ်သော ပုထုဇဉ်ပုဂ္ဂိုလ်လေးယောက်, အရိယာပုဂ္ဂိုလ်ရှစ်ယောက်, နိရောဓသမာပတ် ဝင်စားခိုက်သော အနာဂါမ်, ရဟန္တာပုဂ္ဂိုလ်, အသညသတ်ပုဂ္ဂိုလ် ရ၏။ (ကောက်-၄၇၆) (၅-မှတ်)

**ကုသိုလ်ဖြစ်ဆဲလည်း မဟုတ်, အကုသိုလ်ချုပ်ဆဲလည်း မဟုတ်သောပုဂ္ဂိုလ်-အရကား**
အကုသိုလ်စိတ်ဒွါဒသ၊ ဝိပါက်စိတ် ဆတ္တိံသ ကြိယာစိတ်ဝီသတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီ, ကုသိုလ်စိတ် ဧကဝီသ၊ ဝိပါက်စိတ် ဆတ္တိံသ၊ ကြိယာစိတ်ဝီသတို့၏ ဘင်္ဂက္ခဏသမင်္ဂီဟုဆိုအပ်သော ပုထုဇဉ်ပုဂ္ဂိုလ် လေးယောက် အရိယာပုဂ္ဂိုလ်ရှစ်ယောက်, နိရောဓသမာပတ် ဝင်စားခိုက်သော အနာဂါမ်, ရဟန္တာ ပုဂ္ဂိုလ်, အသညသတ်ပုဂ္ဂိုလ် ရ၏။ (ကောက်-၅၀၄) **(၅-မှတ်)**

၈။ **(မေး)** ကုသိုလ်အကုသိုလ် နှစ်ပါးစုံဖြစ်ဘူးရသော ပုဂ္ဂိုလ်,ဘုံတို့ကို အရကောက်ပြ၍၊ အဗျာကတ ဖြစ်လတ္တံ့သာရ၍ ကုသိုလ်ဖြစ်လတ္တံ့မရသော ပုဂ္ဂိုလ်တို့ကိုလည်း အရကောက်ပြပါ။

၈။ **(ဖြေ)** **ကုသိုလ်အကုသိုလ် နှစ်ပါးစုံဖြစ်ဘူးရသော ပုဂ္ဂိုလ်,ဘုံ-အရကား**
သုဒ္ဓါဝါသဖြစ်အံ့- ရှေးဦးစွာသော မဟာကုသိုလ်ဒုတိယဇောမှ စ၍ စုတိတိုင်အောင်၊ ကြွင်းသော စတုဝေါကာရ ပဉ္စဝေါကာရဖြစ်အံ့ ပဋိသန္ဓေမှ စ၍ စုတိတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟုဆိုအပ်သော ပုထုဇဉ်ပုဂ္ဂိုလ်လေးယောက် အရိယာပုဂ္ဂိုလ်ရှစ်ယောက်တို့အား စတုဝေါကာရ(၄)ဘုံ၊ ပဉ္စဝေါကာရ(၂၆)ဘုံ ရ၏။ (ကောက်-၄၇၇) **(၅-မှတ်)**

**အဗျာကတ ဖြစ်လတ္တံ့သာရ၍ ကုသိုလ်ဖြစ်လတ္တံ့မရသော ပုဂ္ဂိုလ်-အရကား**
အရဟတ္တမဂ်၏ ခဏတ္တယသမင်္ဂီဟုဆိုအပ်သော အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၊
အရဟတ္တမဂ္ဂါနန္တရဖိုလ်မှစ၍ ပစ္ဆိမစိတ်၏ အနန္တရတိုင်အောင် (ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယ သမင်္ဂီဟုဆိုအပ်သော) အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ် ရ၏။ (အရကောက်-၄၇၉) **(၅-မှတ်)**

၉။ **(မေး)** အောက်ပါတို့ကို ဝိဘင်းထုတ်၍ အရလည်း ကောက်ပြပါ။
(က) သောတံ က္လန္ဒြိယန္တိ။ (ခ) ဥပေက္ခာ က္လန္ဒြိယန္တိ။

၉။ **(ဖြေ)** **(က) သောတံ က္လန္ဒြိယန္တိ-၌ ဝိဘင်း, အရကောက်**
ယံ သောတံ က္လန္ဒြိယံ တံ သောတဉ္စေဝ က္လန္ဒြိယဉ္စ။ (၁-မှတ်)
အဝသေသံ သောတံ န က္လန္ဒြိယံ။ (၁-မှတ်)

**အနုလောမပုစ္ဆာ-၌ သန္နိဋ္ဌာန်ပုဒ်၏အရကား**
တဏှာသောတ ရ၏။ (၁-မှတ်)
ဒိဗ္ဗသောတဟုဆိုအပ်သော အဘိညာဉ်, သောတိန္ဒြေလည်း ရ၏။ (၁-မှတ်)
**သံသယကား**- ဒိဗ္ဗသောတဟုဆိုအပ်သော အဘိညာဉ်, သောတိန္ဒြေသာ ရ၏။
(ကောက်-၅၁၄) **(၁-မှတ်)**

**(ခ) ဥပေက္ခာ က္လန္ဒြိယန္တိ-၌ ဝိဘင်း, အရကောက်။** (အရကောက်-၅၁၅)
ယာ ဥပေက္ခာ က္လန္ဒြိယာ သာ ဥပေက္ခာ စေဝ က္လန္ဒြိယာ စ။ (၁-မှတ်)
အဝသေသာ ဥပေက္ခာ န က္လန္ဒြိယံ။ (၁-မှတ်)

**အနုလောမပုစ္ဆာ-၌ သန္နိဋ္ဌာန်ပုဒ်၏အရကား**

ဆင္ဂုဂ်ပေက္ခာ ဖြုတ္တိပဋာရုပေက္ခာ ဗောဇ္ဈင်္ဂုပေက္ခာ တတြမဇ္ဈတ္တုပေက္ခာ ဈာနုပေက္ခာ ပါရိသုဒ္ဓုပေက္ခာ ရ၏။ (၁-မှတ်)

ဝီရိယုပေက္ခာ သင်္ခါရုပေက္ခာ ဝေဒနုပေက္ခာ ဝိပဿနုပေက္ခာလည်း ရ၏။ (၁-မှတ်)

**သံသယကား**- ဝီရိယုပေက္ခာ သင်္ခါရုပေက္ခာ ဝေဒနုပေက္ခာ ဝိပဿနုပေက္ခာသာ ရ၏။ (၁-မှတ်)

(ကောက်-၅၁၄)

၁၀။ (မေး) ယဿ ဇီဝိတိန္ဒြိယံ ဥပ္ပဇ္ဇိဿတိ၊ တဿ ဥပေက္ခိန္ဒြိယံ ဥပ္ပဇ္ဇိဿတီတိ-၌ တစ်ဘက်ရကိုသာ ကောက်ပြ၍၊ မြေလျှင်လှုပ်ခတ်မှုဒဏ်ကြောင့် တစ်နိုင်ငံလုံးရှိ ပြည်သူပြည်သားများ ဝမ်းနည်းပူဆွေးမှု ဖြစ်ကြရာ ထိုဝမ်းနည်းပူဆွေးမှုကို ပယ်စွန့်ဆဲပုဂ္ဂိုလ်သည် လျှောင်ဒဏ်မှ ရုန်းထရန် ကြိုးစားအားထုတ်မှုကို ပိုင်းခြား၍ သိဆဲလော?ဟူသော ပုစ္ဆာကိုလည်း ဝိဘင်းပါဠိထုတ်ကာ အရကောက်ပြပါ။

၁၀။ (ဖြေ) **တစ်ဘက်ရကား**-

သောမနဿသဟဂုတ်ဖြင့် ပရိနိဗ္ဗာန်ပြုလတ္တံ့သောသူဖြစ်အံ့ အဆုံးစွန်သော ဥပေက္ခာသဟဂုတ်စိတ်မှ စ၍ ပစ္ဆိမစိတ်၏ အနန္တရတိုင်အောင် (ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟုဆိုအပ်သော) အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ် ရ၏။ (အရကောက်-၅၅၀) (၅)မှတ်

**ဝိဘင်းပါဠိထုတ် အရကောက်ပုံ**-

ဝိဘင်းပါဠိကား- နော။ (၂-မှတ်)

**အနုလောမပုစ္ဆာ၌ သန္နိဋ္ဌာန်ပုဒ်၏ အရကား**-

အနာဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် ရ၏။

သံသယကား အရမရှိ။ (ကောက်-၅၉၇) (၃-မှတ်)

---

၁။ (မေး) "ခြောက်ရောင်ခြည်ကမ္ဘာလွှမ်း ဗုဒ္ဓမြတ်ပဋ္ဌာန်း"ဟူသည်နှင့်အညီ ပစ္စယနိဒ္ဒေသလာ ဝိမံသာဓိပတိ၏ သမ္ပဒါန်ပါဌ်အရနှင့်, အကု ဗျာ-၌ အနန္တရပစ္စည်း၏ သမ္ပဒါန်ပါဌ်အရကို ကောက်ပြ၍၊ ဂေါတြဘု အနုလုံကိစ္စ တပ်သော မဟာကြိယာပထမဒွေး၏ အနန္တရပစ္စယုပ္ပန်ကိုလည်း တိကျစွာ ကောက်ပြပါ။

၁။ (ဖြေ) **ဝိမံသာဓိပတိ၏ သမ္ပဒါန်ပါဌ်အရ**

သာဓိပတိတိဟိတ်ဇော (၃၄)ခု၊ ဝိမံသကြဉ်သော စေတသိက် သတ္တတိံသ၊ သာဓိပတိစိတ္တဇရုပ် ဖြစ်ပါသည်။ (ကောက်-၁၆) (၃-မှတ်)

**အကု ဗျာ-၌ အနန္တရပစ္စည်း၏ သမ္ပဒါန်ပါဌ်အရ**

သန္တီရဏ(၃)ခု၊ မဟာဝိပါက်(၈)ခု၊ မဟဂ္ဂုတ်ဝိပါက်(၉)ခု ဖြစ်ပါသည်။ (ကောက်-၂၂) (၃-မှတ်)

**ဂေါတြဘု အနုလုံကိစ္စတပ်သော မဟာကြိယာပထမဒွေး၏ အနန္တရပစ္စယုပ္ပန်-**

မဟဂ္ဂုတ်ကြိယာ သောမနဿသဟဂုတ်(၄)ခု၊ အရဟတ္တဖိုလ် သောမနဿသဟဂုတ်(၄)ခုတို့ ဖြစ်ပါသည်။ (ကောက်-၂၃) (၄-မှတ်)

၂။ (မေး) ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ သဟဇာတပစ္စယေန ပစ္စယော-၌ ပစ္စယသတ္တိတို့ကို ထုတ်ပြ၍၊ နိဿယပစ္စည်းလာ စက္ခာယတန်-အရကို ဖော်ပြပြီးလျှင်၊ လျှင်လှုပ်ခိုက် ထိတွေ့ခံစားမှုကြောင့် ဖြစ်ရသော ပစ္စယုပ္ပန်တရားတို့ကိုလည်း သာဓကပြလျက် တိကျစွာ ထုတ်ပြပါ။

၂။ (ဖြေ) **ပစ္စယသတ္တိတို့ကား-**

သဟဇာတ, အညမည, နိဿယ, ဝိပါက, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ ပေါင်း(၇)ပစ္စည်း။ (ကောက်-၂၇) (၃-မှတ်)

**နိဿယပစ္စည်းလာ စက္ခာယတန်-အရ**

မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော စက္ခုဝတ္ထု ဖြစ်ပါသည်။ (ကောက်-၂၉) (၃-မှတ်)

**လျှင်လှုပ်ခိုက် ထိတွေ့ခံစားမှုကြောင့် ဖြစ်ရသော ပစ္စယုပ္ပန်တရား**

ဒုက္ခသဟဂုတ်ကာယဝိညာဉ်စိတ် (၁)ခု၊ သဗ္ဗစိတ္တသာဓာရဏစေတသိက် (၇)ခု။ (၂-မှတ်)

**သာဓကကား-** "ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော"။ (ကောက်-၇) (၂-မှတ်)

**မှတ်ချက်။ ပုရေဇာတ၊ အတ္ထိ၊ အဝိဂတ-တို့နှင့် ဖြေဆိုလျှင်လည်း အမှတ်ပေးရန်။**

၃။ (မေး) (က) လင်းတပေါက်စကလေး၏ အာဟာရသာ စေတနာနှင့်တူသော ပစ္စည်း။
(ခ) တပည့်ကြီး ဗိုလ်ချုပ်ကြီးများ၏ အောက်လက်ငယ်သားထက် ဗျာပါရကဲပုံနှင့်တူသော ပစ္စည်း။
(ဂ) အာဟာရပစ္စည်း-တို့၏ ပစ္စယနိဒ္ဒေသပြပါဠိတို့ကို ရေးပါ။

၃။ (ဖြေ) (က) **ပစ္ဆာဇာတပစ္စယောတိ** ပစ္ဆာဇာတာ စိတ္တစေတသိကာ ဓမ္မာ ပုရေဇာတဿ ဣမဿ ကာယဿ ပစ္ဆာဇာတပစ္စယေန ပစ္စယော။ (၃-မှတ်)

(ခ) **ကမ္မပစ္စယောတိ** ကုသလာကုသလံ ကမ္မံ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။
စေတနာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။(၄-မှတ်)

(ဂ) **အာဟာရပစ္စယောတိ** ကဗဠီကာရော အာဟာရော ဣမဿ ကာယဿ အာဟာရပစ္စယေန ပစ္စယော။
အရူပိနော အာဟာရာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အာဟာရပစ္စယေန ပစ္စယော။ (ပါ၊ ပ၊ ၇) (၃-မှတ်)

၄။ (မေး) အရသာခြောက်ပါး ရောစပ်ထားသကဲ့သို့ နာမ်နှင့်ရုပ် ပစ္စည်းပစ္စယုပ္ပန်ဖြစ်သော်လည်း အချင်းချင်း မရောနှော ပါဘဲ ကျေးဇူးပြုတတ်သောပစ္စည်း, နေရောင်ကွယ်ပျောက် လရောင်ရောက်သကဲ့သို့ ကိုယ်နောက်၌ စိတ် စေတသိက်တို့ကို ဖြစ်ခွင့်ပေးလျက် ကင်းကွာကာ ကျေးဇူးပြုတတ်သော ပစ္စည်းတို့၏ နိဒ္ဒေသနာကာရပြ ပါဠိတို့ကို အနက်ရေးပါ။

၄။ (ဖြေ) **ဝိပ္ပယုတ္တပစ္စည်း**

ရူပိနော၊ ရုပ်ဖြစ်ကုန်သော။ ဓမ္မာ၊ ဆဝတ္ထုတရားတို့သည်။ အရူပီနံ၊ နာမ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ အရူပဝိပါက်လေးခုကြဉ်သော သတ္တဝိညာဏဓာတ်တို့အား။ ဝိပ္ပယုတ္တပစ္စယေန၊ သဟဇာတဝိပ္ပယုတ္တ, ပုရေဇာတဝိပ္ပယုတ္တသတ္တိဖြင့်၊ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ (၃-မှတ်)

အရူပိနော၊ နာမ်ဖြစ်ကုန်သော။ ဓမ္မာ၊ အရူပဝိပါက်လေးခုကြဉ်သော စိတ်ရှစ်ဆယ့်ငါးခု စေတသိက် ဒွေပညာသ နာမက္ခန္ဓာတို့သည်။ ရူပီနံ၊ ရုပ်ဖြစ်ကုန်သော၊ ဓမ္မာနံ၊ စတုသမုဋ္ဌာနိကရုပ်တို့အား။ ဝိပ္ပယုတ္တပစ္စယေန၊ သဟဇာတဝိပ္ပယုတ္တ, ပစ္ဆာဇာတဝိပ္ပယုတ္တသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ (ကောက်- ၅၂၊ ၅၃) (၃-မှတ်)

**ဝိဂတပစ္စည်း**

သမနန္တရဝိဂတာ၊ ကောင်းစွာမိမိအခြားမဲ့၌ကင်းကုန်သော။ စိတ္တစေတသိကာ၊ စိတ်စေတသိက်ဖြစ်ကုန်သော။ ဓမ္မာ၊ ရဟန္တာတို့စုတိကြဉ်သော စိတ်ရှစ်ဆယ့်ကိုးခု စေတသိက်ငါးဆယ့်နှစ်ခု နာမက္ခန္ဓာတို့သည်။ ပစ္စုပ္ပန္နာနံ၊ မိမိနှင့်အတူဖြစ်ကုန်သော။ စိတ္တစေတသိကာနံ၊ စိတ်စေတသိက်ဖြစ်ကုန်သော။ ဓမ္မာနံ၊ ရဟန္တာတို့စုတိနှင့်တကွ စိတ်ရှစ်ဆယ့်ကိုးခု စေတသိက်ငါးဆယ့်နှစ်ခု နာမက္ခန္ဓာတို့အား။ ဝိဂတပစ္စယေန၊ ဝိဂတပစ္စည်းဖြင့်။ ပစ္စယော-ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။
(ကောက်- ၅၅) (၄-မှတ်)

၅။ (မေး) ပဋ္ဌိစ္စဝါရ အနုလုံ ဝိဘင်္ဂဝါရလာ ကုသလေန ကုသလံ-၌ ဟိတ်ပါဠ်အရကို (က) အာရမ္မဏပစ္စည်း (ခ) အနန္တရပစ္စည်း (ဂ) သဟဇာတပစ္စည်းတို့နှင့်အညီ ဆိုရိုးကျ ကောက်ပြပါ။

၅။ (ဖြေ) (က) အာရမ္မဏပစ္စည်း ဟိတ်ပါဠ်အရ

ကုသိုလ်ဇကဝီသအား တပ်သော အရဟတ္တမဂ်, အရဟတ္တဖိုလ်ကြဉ်သော စိတ်(၈၇)ခု, စေတသိက် ဒွေပညာသ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်, ပညတ် ဤအာရုံခြောက်ပါးပစ္စည်းတရားတို့၏ အာရမ္မဏသတ္တိ ရ၏။ (ကောက်-၈၀) (၄-မှတ်)

(ခ) အနန္တရပစ္စည်း ဟိတ်ပါဠ်အရ

နောက်နောက်သော ကုသိုလ်ဇကဝီသအားတပ်သော ဝုဋ္ဌော, မနောဒွါရာဝဇ္ဇန်း, အဆုံးဇောကြဉ်သော ရှေးရှေးသော လောကီကုသိုလ်သတ္တရသ ပစ္စည်းတရားတို့၏ အနန္တရသတ္တိ ရ၏။ (ကောက်-၈၇) (၃-မှတ်)

(ဂ) သဟဇာတပစ္စည်း ဟိတ်ပါဠ်အရ

အချင်းချင်းအားတပ်သော ကုသိုလ်ဇကဝီသ, စေတသိက်အဋ္ဌတိံသ, အစိတ်အစိတ်နာမက္ခန္ဓာ ပစ္စည်း တရားတို့၏ သဟဇာတသတ္တိ ရ၏။ (ကောက်-၉၀) (၃-မှတ်)

၆။ (မေး) ပဋ္ဌိစ္စဝါရ အနုလုံ ဝိဘင်္ဂဝါရလာ အကုသလေန အကုသလံ-၌ ကတ္တားပါဠ်အရကို (က) ပုရေဇာတ ပစ္စည်း (ခ) အာသေဝနပစ္စည်း (ဂ) ကမ္မပစ္စည်းတို့နှင့်အညီ ဆိုရိုးကျ ကောက်ပြပါ။

၆။ (ဖြေ) (က) ပုရေဇာတပစ္စည်း ကတ္တားပါဠ်အရ

ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အကုသိုလ် ဒွါဒသ, စေတသိက်သတ္တဝီသ, အစိတ်အစိတ်နာမက္ခန္ဓာ ကို စွဲ၍ဖြစ်သော အကုသိုလ်ဒွါဒသ, စေတသိက်သတ္တဝီသ အစိတ်အစိတ်နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။ (ကောက်-၉၇) (၃-မှတ်)

(ခ) အာသေဝနပစ္စည်း ကတ္တားပါဠ်

အကုသိုလ်ဒွါဒသ ဒုတိယာဒိဇော စေတသိက်သတ္တဝီသ အစိတ်အစိတ်နာမက္ခန္ဓာကို စွဲ၍ဖြစ်သော အကုသိုလ်ဒွါဒသ ဒုတိယာဒိဇော စေတသိက်သတ္တဝီသ အစိတ်အစိတ်နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။ (ကောက်-၉၉) (၃-မှတ်)

(ဂ) ကမ္မပစ္စည်း ကတ္တားပါဠ်

အကုသိုလ်ဒွါဒသ စေတသိက်သတ္တဝီသ အစိတ်အစိတ်နာမက္ခန္ဓာကို စွဲ၍ဖြစ်သော အကုသိုလ် ဒွါဒသ စေတနာကြဉ်သော စေတသိက်ဆဗ္ဗီသ အစိတ်အစိတ်နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားရ၏။ (ကောက်-၁၀၁) (၄-မှတ်)

၇။ (မေး) ကုသလော အကုသလဿ-၌ ပစ္စည်းပစ္စယုပ္ပန်ဖြစ်သင့်သောတရားတို့ကို ပဥ္စာဝါရလာသည့်အတိုင်း ပစ္စည်းအားလျော်စွာ ခွဲခြား၍ ပြည့်စုံစွာ ထုတ်ပြပါ။

၇။ (ဖြေ) **ကုသလော အကုသလဿ-၌ အာရမ္မဏပစ္စည်း**
**ကုသလော ဓမ္မော-အရ** လောကီကုသိုလ်သတ္တရသ စေတသိက်အဋ္ဌတိံသ ပစ္စည်းတရား၊
**အကုသလဿ ဓမ္မဿ-အရ** အကုသိုလ်ဒွါဒသ စေတသိက်သတ္တဝီသ ပစ္စယုပ္ပန်တရား။
(ကောက်-၃၆၀) (၃-မှတ်)

**အဓိပတိပစ္စည်း**
**ကုသလော ဓမ္မော-အရ** အလေးအမြတ်ပြုအပ်သော လောကီကုသိုလ်သတ္တရသ ပစ္စည်းတရား၊
**အကုသလဿ ဓမ္မဿ-အရ** အလေးအမြတ်ပြုတတ်သော လောဘမူစိတ်ရှစ်ခု ပစ္စယုပ္ပန်တရား။
(ကောက်-၃၉၀) (၄-မှတ်)

**ဥပနိဿယပစ္စည်း**
**ကုသလော ဓမ္မော-အရ** ဗလဝဖြစ်သော လောကီကုသိုလ်သတ္တရသ ပစ္စည်းတရား၊
**အကုသလဿ ဓမ္မဿ-အရ** အကုသိုလ်ဒွါဒသ စေတသိက်သတ္တဝီသ ပစ္စယုပ္ပန်တရားဖြစ်ပါသည်။
(ကောက်-၄၁၆) (၃-မှတ်)

၈။ **(မေး)** အကုသလော အဗျာကတဿ-၌ (က) ပစ္ဆာဇာတပစ္စည်း၏ သမ္ပဒါန်ပါဌ် (ခ) နာနာက္ခဏိကကမ္မပစ္စည်း၏ သမ္ပဒါန်ပါဌ်အရတို့ကို ကောက်ပြ၍၊ (ဂ) အဗျာကတော အဗျာကတဿ-၌ ရုပ်အာဟာရအားလျော်စွာ ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စယသတ္တိတို့ကိုလည်း ကောက်ပြပါ။

၈။ (ဖြေ) **(က) ပစ္ဆာဇာတပစ္စည်း၏ သမ္ပဒါန်ပါဌ်အရ**
ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်းအစရှိသော ရှေးဖြစ်သော စိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ဌီသို့ရောက်သော တိဇကာယ စတုဇကာယ ပစ္စယုပ္ပန်တရား ဖြစ်ပါသည်။ (ကောက်၊ ၄၂၇) (၂-မှတ်)

**(ခ) နာနာက္ခဏိကကမ္မပစ္စည်း၏ သမ္ပဒါန်ပါဌ်အရ**
အကုသလဝိပါက် (၇)ခု နာမက္ခန္ဓာ ကဋတ္တာရုပ် ပစ္စယုပ္ပန်တရား ဖြစ်ပါသည်။
(ကောက်၊ ၄၃၀) (၂-မှတ်)

**(ဂ) အဗျာကတော အဗျာကတဿ-၌ ရုပ်အာဟာရ**
**ပစ္စည်း-** ကလာပ်တူကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကရုပ်အားတပ်သော ဩဇာ။ (၂-မှတ်)
**ပစ္စယုပ္ပန်-** ကလာပ်တူကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကရုပ်။ (၂-မှတ်)
**ပစ္စယသတ္တိ-** အာဟာရ, အတ္ထိ, အဝိဂတ။ (ကောက်၊ ၄၃၄) (၂-မှတ်)

၉။ **(မေး)** အောက်ပါတို့ကို ပဋ္ဌာဝါရလာသည့်အတိုင်း ပစ္စည်း ပစ္စယုပ္ပန် ကျေးဇူးပြုပုံကို ဖြေဆိုပါ။
(က) အရဟာ မဂ္ဂါ ဝုဋ္ဌဟိတွာ မဂ္ဂံ ပစ္စဝေက္ခတိ။
(ခ) အနုလောမံ သေက္ခာယ ဖလသမာပတ္တိယာ။
(ဂ) သေနာသနံ ကာယိကဿ ဒုက္ခဿ။

၉။ (ဖြေ) (က) မဂ္ဂ-အရ အရဟတ္တမဂ်ပစ္စည်းတရားက အရဟာ ပစ္စဝေက္ခဏာ-အရ ရဟန္တာသန္တာန်၌ဖြစ်သော ဆင်ခြင်သော ကာမကြိယာပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်။
(ကောက်၊ ၃၆၅) (၃-မှတ်)

(ခ) အနုလောမံ-အရ သင်္ခါရတရားလျှင် အာရုံရှိသော အနုလုံကိစ္စတပ်သော မဟာကုသိုလ် ပထမဒွေ့ တတိယဒွေ့ ပစ္စည်းတရားက ဖလသမာပတ္တိယာ-အရ အောက်ဖိုလ် ၃-ခု ပစ္စယုပ္ပန် တရားအား အနန္တရသတ္တိဖြင့် ကျေးဇူးပြုပါသည်။ (ကောက်-၄၀၀) (၄-မှတ်)

(ဂ) သေနာသနံ-အရ မလျောက်ပတ်သော ကျောင်းအစရှိသော အိပ်ရာနေရာ ပစ္စည်းတရားက ကာယိကဿ ဒုက္ခဿ-အရ ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။ (ကောက်-၄၂၄) (၃-မှတ်)

၁၀။ (မေး) ဝိပါက်သည် ဝိပါက်အား အာသေဝနပစ္စည်း မတပ်ရခြင်းအကြောင်းနှင့် ဣတ္ထိန္ဒြေ ပုရိသိန္ဒြေတို့ ဣန္ဒြေထိုက်ပါလျက် ဣန္ဒြိယပစ္စည်း မတပ်ရခြင်းအကြောင်းကိုလည်း ဖော်ပြပါ။

၁၀။ (ဖြေ) **ဝိပါက်သည် ဝိပါက်အား အာသေဝနပစ္စည်း မတပ်ရခြင်းအကြောင်း**

ဝိပါက်ကား ကံ၏အကျိုးမျှသာဖြစ်၍ အားနည်းသဖြင့် အဖန်တလဲလဲ မှီဝဲအပ် ထုံအပ်သောသဘော မရှိ၊ တပါးသောဝိပါက်ကို မဖြစ်စေနိုင်သောကြောင့် အာသေဝနပစ္စည်း မတပ်နိုင်ပါ။
(ကောက်-၆၃၈) (၅-မှတ်)

**ဣတ္ထိန္ဒြေ ပုရိသိန္ဒြေတို့ ဣန္ဒြိယပစ္စည်း မတပ်ရခြင်းအကြောင်း**

ဣတ္ထိန္ဒြေ ပုရိသိန္ဒြေတို့ကား ကလလအခါစသည်တို့၌ ရှိကုန်သော်လည်း ဣတ္ထိလိင် ပုရိသလိင် စသည်တို့ မရှိသောကြောင့် ဣန္ဒြိယပစ္စည်း မတပ်ပါ။ (ကောက်-၆၄၂) (၅-မှတ်)

**အစိုးရပါဠိပထမပြန်စာမေးပွဲ**

**၁၃၈၇-ခုနှစ်၊ (၂၀၂၅) ပထမကြီးတန်း။ ။ဘာသာပြန်(ဇာတက) မေးခွန်းနှင့်အဖြေ**

---

**အောက်ပါတို့ကို မြန်မာဘာသာ ပြန်ဆိုပါ**

၁။ (မေး) သော ဇရာဇိဏ္ဏံ မာတရံ ပေါသေသိ၊ မာတာ ပနဿ အန္ဓာ၊ သော မဓုရာနိ ဖလာဖလာနိ ဟတ္ထီနံ ဒတွာ မာတု သန္တိကံ ပေသေသိ၊ ဟတ္ထီ တဿာ အဒတွာ အတ္တနာဝ ခါဒန္တိ။

၁။ (ဖြေ) ထိုဆင်မင်းသည် အိုမင်းရင့်ရော်သော မိခင်ဆင်မကြီးကို လုပ်ကျွေးပြီ၊ ထိုဘုရားလောင်း၏ မိခင်သည်ကား (မျက်စိအလင်းမရ)ကန်းနေ၏၊ ထိုဘုရားလောင်းသည် ချိုမြိန်ကုန်သော သစ်သီးကြီးငယ်တို့ကို ဆင်တို့အား ပေး၍ မိခင်၏ အထံသို့ ပို့စေပြီ၊ ဆင်တို့သည် ထိုဘုရားလောင်း၏မိခင်အား မပေးမူ၍ မိမိတို့သည်သာလျှင် ခဲစားကုန်၏။ (ဇာတက၊ ၄၊ ၁) (၁၀-မှတ်)

၂။ (မေး) အနာဂတံ ပဋိကယိရာထ ကိစ္စံ၊ 'မာ မံ ကိစ္စံ ကိစ္စကာလေ ဗျဓေသိ'။ တံ တာဒိသံ ပဋိကတကိစ္စကာရိံ၊ န တံ ကိစ္စံ ကိစ္စကာလေ ဗျဓေသိ။

၂။ (ဖြေ) (ရဟန်းတို့!) 'ပြုဖွယ်ကိစ္စသည် ပြုအပ်သောအခါ၌ ငါ့ကို မနှိပ်စက်စေသတည်း'ဤသို့ လာလတ္တံ့သောကိစ္စကို ရှေးဦးစွာ ပြုလုပ်ရာ၏။ ပြုအပ်သောကိစ္စကို ရှေးဦးစွာ ကြိုတင်၍ပြုသော ထိုသို့သဘောရှိသော ထိုသူကို ထိုကိစ္စသည် ပြုအပ်သောအခါ၌ မနှိပ်စက်။ (၄၊ ၇၇) (၁၀-မှတ်)

၃။ (မေး) တဒါ သော ဗြဟ္မဏမာဏဝမုက္ကိ ဒွေ တယော မနုဿေ အာဒါယ ရထဒါရူနံ အတ္ထာယ ယာနကေန တံ ပဒေသံ ဂန္တွာ ဧကေသ္မိံ ဌာနေ ယာနကံ ဌပေတွာ ဝါသိဖရသုဟတ္ထော ရုက္ခေ ဥပဓာရေန္တော ဖန္ဒနသမီပံ အဂမာသိ။

၃။ (ဖြေ) ထိုအခါ၌ ထိုပုဏ္ဏားလက်သမားသည် နှစ်ယောက်သုံးယောက်သောလူတို့ကို ခေါ်၍ ရထားသစ်(သား)တို့၏ အကျိုးငှာ ယာဉ်ငယ်ဖြင့် ထိုအရပ်သို့ သွား၍ တစ်ခုသောအရပ်၌ ယာဉ်ငယ်ကို ထား၍ ပဲခွပ်,ပုဆိန်လက်၌ ရှိသည်ဖြစ်၍ သစ်ပင်တို့ကို စုံစမ်းလျက် ကြို့ပင်အနီးသို့ သွားပြီ။ (၄၊ ၁၁၈) (၁၀-မှတ်)

**အောက်ပါ မြန်မာစကားပြေဝါကျများကို ပါဠိဘာသာ ပြန်ဆိုပြပါ။**

၄။ (မေး) လက္ခဏသုခမိန်သည်လည်းကောင်း သီတာဒေဝီသည်လည်းကောင်း ရာမသုခမိန်ကို တောင်းပန်၍ သင်နောင်တော်တို့သည် အကျွန်ုပ်တို့၏ အဖအရာ၌ တည်ကုန်၏၊ ထိုကြောင့် ကျောင်းသင်္ခမ်း၌ သာလျှင် ဖြစ်ကြပါကုန်လော၊ အကျွန်ုပ်တို့သည် သစ်သီးကြီးငယ်ကို ဆောင်ကုန်၍ သင်တို့ကို လုပ်ကျွေးပါကုန်အံ့-ဟု ဝန်ခံခြင်းကို ယူကုန်ပြီ။

၄။ (ဖြေ) လက္ခဏပဏ္ဍိတော စ သီတာ စ ရာမပဏ္ဍိတံ ယာစိတွာ "တုမှေ အမှာကံ ပိတုဋ္ဌာနေ ဌိတာ၊ တသ္မာ အဿမေယေဝ ဟောထ၊ မယံ ဖလာဖလံ အာဟရိတွာ တုမှေ ပေါသေဿာမာ"တိ ပဋိညံ ဂဏှိံသု။ (၄၊ ၇၇) (၁၀-မှတ်)

၅။ (မေး) ထိုမဟာပဒုမမင်းသားသည် အရှယ်သို့ ရောက်လတ်သော် တက္ကသိုလ်ပြည်သို့ သွား၍ အလုံးစုံသော အတတ်တို့ကို သင်ယူ၍ ပြန်လာခဲ့ပြီ၊ ထိုအခါ ထိုဘုရားလောင်း၏ မယ်တော်သည် သေခြင်းကို ပြုပြီ၊ မင်းသည် တစ်ပါးသောမင်းသမီးကို မိဖုရားကြီးအရာကို ပြု၍ သားတော်မဟာပဒုမမင်းသားအား အိမ်ရှေ့မင်းအရာကို ပေးပြီ။

၅။ (ဖြေ) သော ဝယပ္ပတ္တော တက္ကသိလာယံ ဂန္တွာ သဗ္ဗသိပ္ပါနိ ဥဂ္ဂဏှိတွာ အာဂမိ၊ အထဿ မာတာ ကာလမကာသိ၊ ရာဇာ အညံ အဂ္ဂမဟေသိံ ကတွာ ပုတ္တဿ ဥပရဇ္ဇံ အဒါသိ။ (၄၊၁၀၀) (၁၀-မှတ်)

၆။ (မေး) ဘုရားလောင်းသည် အလိုနည်းသည်၏အဖြစ်ကြောင့် တစ်စုံတစ်ခုသောအရပ်သို့ မသွားမူ၍ ထိုကံ့ပြင်းပင်၏ သီးသောအခါ၌ ကံ့ပြင်းသီးတို့ကို စား၏၊ အရွက်ရှိသောအခါ၌ အရွက်တို့ကို စား၏၊ ထိုဘုရားလောင်း၏ သီလတန်ခိုးကြောင့် သိကြားမင်း၏ ပဏ္ဍုကမ္ဗလာကျောက်နေရာသည် ပူသော အခြင်းအရာကို ပြုပြီ။

၆။ (ဖြေ) မဟာသတ္တော အပ္ပိစ္ဆတာယ ကတ္ထစိ အဂန္တွာ တဿ ရုက္ခဿ ဖလကာလေ ဖလာနိ ခါဒတိ၊ ပတ္တကာလေ ပတ္တာနိ ခါဒတိ၊ တဿ သီလတေဇေန သက္ကဿ ပဏ္ဍုကမ္ဗလသိလာသနံ ဥဏှာကာရံ ဒဿေသိ။ (၄၊ ၁၄၈) (၁၀-မှတ်)

**အောက်ပါပုဒ်တို့ကို ကြိယာကို ရှု၍ ပါဠိဝါကျ တည်ဆောက်ပြပါ။**

၇။ (မေး) (က) ကရောန္တိ။ (တ၊ မဇ္ဈ၊ မနုဿသမာနသရီရ၊ ခုရနာသ၊ ဥဒက၊ ဥမ္မုဇ္ဇနိမုဇ္ဇ။)
(ခ) အဂမာသိ။ (မဟာကဏှ၊ ဒိဋ္ဌဒိဋ္ဌ၊ မနုဿ၊ ဥပဓာဝိတွာ၊ သန္တာသေန္တ၊ ရာဇနိဝေသန။)

၇။ (ဖြေ) (က) တတ္ထ မဇ္ဈာ မနုဿသမာနသရီရာ ခုရနာသာ ဥဒကေ ဥမ္မုဇ္ဇနိမုဇ္ဇံ ကရောန္တိ။
(ဇာတက၊ ၄၊ ၅၂) (၅-မှတ်)
(ခ) မဟာကဏှော ဒိဋ္ဌဒိဋ္ဌေ မနုဿေ ဥပဓာဝိတွာ သန္တာသေန္တော ရာဇနိဝေသနံ အဂမာသိ။
(ဇာတက၊ ၄၊ ၉၃) (၅-မှတ်)

၈။ (မေး) (က) ပုစ္ဆိံသု။ (ပုနဒိဝသ၊ ဒွါရဂါမဝါသီ၊ တ၊ တ၊ နိသိန္နဘာဝ၊ သုတွာ။)
(ခ) ဥပဋ္ဌာသိ။ (ထေရ၊ သဟ၊ နယဒါန၊ တ၊ ပဥ္စ၊ နယသတ၊ နယသဟဿ။)

၈။ (ဖြေ) (က) ပုနဒိဝသေ ဒွါရဂါမဝါသိနော တဿ တတ္ထ နိသိန္နဘာဝံ သုတွာ ပုစ္ဆိံသု။(၄၊ ၁၃၅) (၅-မှတ်)
(ခ) ထေရဿ သဟ နယဒါနေန သော ပဉ္စော နယသတေန နယသဟဿေန ဥပဋ္ဌာသိ။
(ဇာတက-၄၊ ၁၇၇) (၅-မှတ်)

၉။ (မေး) ဒွါဒသကနိပါတ် ကာမဇာတ်တော်၏ အတိတ်ဇာတ်လမ်းကို အကျဉ်းချုပ်ရေးသားပါ။

၉။ (ဖြေ) **ဒွါဒသကနိပါတ် ကာမဇာတ်တော်၏ အတိတ်ဝတ္ထု**

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး အုပ်ချုပ်နေစဉ် မင်းကြီး၌ သားတော်နှစ်ပါး ရှိလေ၏၊ သားတော်အကြီးကို အိမ်ရှေ့စံ, အငယ်ကို စစ်သူကြီးအဖြစ် ခန့်အပ်ထားလေ၏၊ မင်းကြီးနတ်ရွာစံသောအခါ မှူးမတ်တို့သည် နောင်တော်အိမ်ရှေ့မင်းသားအား ဘိသိက် သွန်း၍ မင်းအဖြစ်တင်မြှောက်ကြလေသည်၊ သားတော်ကြီးသည် "ငါ့အား မင်းအဖြစ်ဖြင့် အလိုမရှိ၊

ညီတော်အား မင်းအဖြစ်ကို ပေးလေကုန်"ဟု ဆိုလေ၏၊ အဖန်တလဲလဲ မင်းအဖြစ်ကို တောင်းပန်တင်မြှောက်သော်လည်း ငြင်းပယ်သောကြောင့် ညီတော်အား ဘိသိက်သွန်း၍ မင်းအဖြစ်တင်မြှောက်ကြလေသည်။ ညီတော်မင်းသည် နောင်တော်အား "ကောင်းမြတ်သော အရသာရှိသော ဘောဇဉ်ကို စားတော်မူလျက် နန်းတော်အတွင်း၌ နေတော်မူပါ"ဟု တင်လျှောက်သော်လည်း "ငါ့အား ဤမြို့၌ ပြုဖွယ်ကိစ္စ မရှိ"ဟု ပြောဆို၍ ပစ္စန္တရစ်အရပ်သို့ သွားကာ သူဌေးတစ်ယောက်အိမ်၌ လက်မှုလုပ်လျက် နေလေ၏။ ပစ္စန္တရစ်သားတို့သည် မင်းသားအဖြစ်ကို သိကုန်၍ လက်မှုအလုပ်တို့ကို မလုပ်စေဘဲ မင်းသားအဖြစ်သတ်မှတ်ကာ အခြံအရံပြု၍ နေကြလေ၏။

နောင်အခါ မင်းအမှုထမ်းတို့သည် ပစ္စန္တရစ်သို့ သွား၍ လယ်ယာအတိုင်းအတာကို သိစေရန် ထိုရွာသို့ ရောက်ကုန်၏၊ သူဌေးသည် မင်းသားကို ကပ်၍ "အရှင်မင်းသား အကျွန်ုပ်တို့သည် အရှင့်အား ကျွေးမွေးပြုစုနေပါ၏၊ ထိုကြောင့် အကျွန်ုပ်တို့အား အခွန်အခ ကင်းလွတ်စေရန် ညီတော်မင်းအား အသိပေးစေချင်ပါသည်"ဟု တင်လျှောက်လေရာ မင်းသားသည် "ကောင်းပြီ"ဟု ဝန်ခံ၍ ညီတော်မင်းထံ "ဤအရပ် ဤသူဌေးအိမ်၌ ငါ နေ၏၊ ဤသူဌေးအား အခွန်အခ ကင်းလွတ်ခွင့်ပေးပါ"ဟု အကြောင်းကြားလေရာ ညီတော်မင်းလည်း အခွန်ကင်းလွတ်ခွင့်ပြုတော်မူ၏။

ထိုအခါ မင်းသားကို ရွာသူရွာသားအားလုံးတို့သည်လည်းကောင်း ဇနပုဒ်နေသူတို့သည်လည်းကောင်း ချဉ်းကပ်ကုန်၍ အခွန်ကင်းလွတ်စေရန် နောင်တော်မင်းသားအား လာဘ်သပ္ပကာ ပေးကမ်းကြလေသည်၊ ထိုအခါ နောင်တော်မင်းသားသည် လောဘတဏှာအားကြီးလာသည်ဖြစ်၍ ညီတော်မင်းထံ အလုံးစုံသောဇနပုဒ်ကိုလည်းကောင်း အိမ်ရှေ့မင်းအဖြစ်ကိုလည်းကောင်း အဆင့်ဆင့် တောင်းလေရာ ညီတော်မင်းလည်း တောင်းတိုင်းသာ ပေးလေ၏။ ဤမျှမကသေးဘဲ ဇနပုဒ်သားအပေါင်း ခြံရံလျက် ဗာရာဏသီမြို့အပြင်မှ နေ၍ "ငါ့အား မင်းအဖြစ်ပေးမည်လော စစ်ထိုးမည်လော" ဟု အမှာစာ ပေးလိုက်လေ၏။

ညီတော်မင်းသည် "ဤသူမိုက်ကား ရှေး၌ မင်းအဖြစ်ကို ပယ်ခဲ့ပြီး ယခုအခါမှ စစ်ထိုးအံ့ဟု ဆို၏၊ ဤသူမိုက်အား စစ်ထိုး၍ သတ်သည်ရှိသော် ငါ့အား ကဲ့ရဲ့ကြပေလိမ့်မည်"ဟု ကြံ၍ မင်းအဖြစ်ကို ပေးလိုက်လေ၏၊ နောင်တော်မင်းကြီးသည် ရလေလိုလေ အိုတစ္ဆေဖြစ်ကာ တိုင်းပြည်တစ်ခုတည်းဖြင့် မရောင့်ရဲဘဲ နှစ်ပြည်ထောင် သုံးပြည်ထောင်တို့ကို တောင့်တ၍ အလိုလောဘကြီးလျက် နေတော့၏။ လောဘကြီးသော နောင်တော်မင်းကြီးကို ပညာပေးလိုသော သိကြားမင်းသည် လုလင်အသွင်ဖြင့် လာ၍ "စည်ပင်ဝပြောသော သုံးပြည်ထောင်ကို ပေးဆက်မည်"ဟု ဆို၍ ပြန်သွားလေ၏၊ အချိန် တန်၍ ထိုလုလင် ပြန်မလာသောအခါ မင်းကြီးသည် ပူပန်စိတ်ဝင်လာပြီး သွေးဝမ်းသွန်ရောဂါ ဖြစ်လေတော့၏၊ မင်းကြီး၏ ဝေဒနာကို မည်သူမျှ ပျောက်အောင် မကုသနိုင်ချေ။

တက္ကသိုလ်ပြည်မှ ပြန်လာသော ဘုရားလောင်းသည် ထိုသတင်းကို ကြားလျှင် မင်းကြီးအား ကုသရန် နန်းတော်သို့ လာခဲ့၏၊ ရောဂါ၏ အကြောင်းရင်းကို ကြားသိရသော် စိတ္တဇဝေဒနာဖြစ်ကြောင်း သိလိုက်၏၊ ဘုရားလောင်းသည် ကာမ၏အပြစ်တို့ကို ဟောကြားရာ မင်းကြီး၏အစွဲသည် ပြေပျောက်သွားခဲ့ပြီး အနာရောဂါ ကင်းရှင်းသွား၏။ ဘုရားလောင်းသည်လည်း မင်းကြီး၏ ထီးဖြူကို အာရုံပြု၍ ဩဒါတကသိုဏ်းကို ရှုပွားခဲ့သဖြင့် ဈာန်တရားများ ရရှိကာ ဟိမဝန္တာအရပ်သို့ သွား၍ ရသေ့ ရဟန်းပြုသွားလေတော့သည်။

ဇာတ်ပေါင်းသော် အတိတ်ဘဝက မင်းကြီးသည် ပစ္စုပ္ပန်ဘဝ၌ ပုဏ္ဏား၊ ပညာရှိလုလင်သည် ဘုရားရှင် ဖြစ်လာလေသည်။ (ဇာတက၊ ၄၊ ၇၈) (၁၀-မှတ်)

**မှတ်ချက်။ ဇာတ်တော်သဘောသက်ဝင်သော ဖြေဆိုပုံအလိုက် သင့်လျော်စွာအမှတ်ပေးရန်။**

၁၀။ (မေး) တေရသကနိပါတ် ဇဝနဟံသဇာတ်တော်ကို ဖတ်ရှုလေ့လာခြင်းဖြင့် ရရှိနိုင်သော သင်ခန်းစာများကို ရေးပါ။


၁၀။ (ဖြေ) **ရရှိနိုင်သော သင်ခန်းစာများကား-**

ဘုရားလောင်း ဟသ်ာမင်းသည် နေနှင့်တကွ အပြေးမပြိုင်တော့ဘဲ ဗာရာဏသီမင်းကြီးထံ အကျိုးစီးပွားနှင့်စပ်သော တရားစကားကို ပြောဟောလေ၏-၌

- မိမိအတွက်လည်းကောင်း, မိမိအသိုင်းအဝိုင်းအတွက်လည်းကောင်း အကျိုးမရှိသော အပြုအမူ အပြောအဆို အလုပ်အကိုင်များကို စွန့်လွှတ်သင့်ကြောင်း
- အကျိုးရှိစေသော အပြုအမူ-စသည်များဖြင့် အစားထိုးသင့်ကြောင်း
- လောက၌ လျှင်မြန်ခြင်းအဟုန်အားလုံးတို့ထက် သတ္တဝါတို့၏ ရုပ်နာမ်ဓမ္မသင်္ခါရတို့၏ ဖြစ်ပျက်ခြင်း အဟုန်သည် အမြန်ဆုံးဖြစ်ကြောင်း
- အာဟာရတို့ ညီညွတ်နေခိုက်သာ အသက်ရှင်နေရခြင်း ဖြစ်၍ တစ်ခုခု ဖောက်ပြန်သည်နှင့် လျှပ်တပြက် လက်ဖျစ်တတွက်အတွင်း သေဆုံးရကြောင်း
- ထိုသို့ လျှင်မြန်သော သေခြင်းတရား မရောက်လာမီ ဒါနသီလ-စသော ကုသိုလ်ဓမ္မများကို ပြုလုပ်မှသာ အကျိုးရှိမည်ဖြစ်ကြောင်း
- အကျိုးမရှိသော မလိုအပ်သော ပြိုင်ဆိုင်မှုများကို မလုပ်သင့်ကြောင်း-စသော သင်ခန်းစာများကို ရရှိပါသည်။ (၅-၁၂၂) (၁၀-မှတ်)

**မှတ်ချက်။ သင်ခန်းစာ တိုက်ရိုက်မတူသော်လည်း ဇာတ်တော်သဘော သက်ဝင်က သင့်လျော်အောင် အမှတ်ပေးရန်။**





📖စုစည်းပူဇော် မှတ်တမ်းပြုသူ✍️

ဗဟန်း.မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ်

အရှင်သီလဝံသာလင်္ကာရ(ရေစကြို)

သာမဏေကျော်(၆)ဘွဲ့၊ဓမ္မာစရိယ(၄)ဘွဲ့၊

အစိုးရနိကာယ်-ဝိနယဝိဒူ.အဘိဓမ္မဝိဒူ.

အင်္ဂုတ္တရနိကာယဝိဒူ.ဒီဃနိကာယဝိဒူ.

သံယုတ္တနိကာယဝိဒူ.သုဝဏ္ဏဘူမိ ပထမစာချ

🥇 🥇 ခုဒ္ဒကနိကာယဝိဒူ 🥇 🥇